


# ဖြစ်ပျက်ရမ်းရှုနေလို့ မဖြစ်သေးဘူး

ရှင်ဆန္ဒ

၂၁၃

ဟောကြားသည့်နေ့

(၁၈-၂-၆၀)

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၄၁)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မန္တလေးမြို့၌ဟောကြားတော်မူသောတရားတော်

# ဖြစ်ပျက်ရမ်းရှုနေလို့မဖြစ်သေးဘူး

ဟောကြားသည့်နေ့

(၁၈-၂-၆၀)

စာမူခွင့်ပြုချက် အမှတ်  - ၂၁၇/၉၉ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် -

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသော တရားတော်

# ဖြစ်ပျက်ရမ်းရှုနေလို့ မဖြစ်သေးဘူး

(ရှင်ဆန္ဒ)

ဟောကြားသည့်နေ့ (၁၈-၂-၆၀)

ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘယ်လမ်းက ကြွသွားပါလိမ့်မလဲလို့ ဒကာဒကာမတွေက အမေးထုတ်လို့ရှိရင် ဖြင့်၊ လမ်းသုံးလမ်း ရှိတဲ့အနက်က သဿတလမ်းကိုလည်း ရှောင်သွားပါတယ်။ ဉစ္ဆေဒဒိဋ္ဌိလမ်းကိုလည်း ရှောင်သွားပါတယ်။ မဂ္ဂင်လမ်းဆိုတဲ့ အလယ်လမ်းကို လိုက်သွားသောကြောင့်၊ ဘုရားအဖြစ်သို့ ရောက်ပြီး သကာလ၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းပြီး တဏှာ

အပူ ဇာတ်တွေ သိမ်းတဲ့ နိဗ္ဗာန်ကြီးကိုဖြင့် ရောက်နေပြီဆိုတာ ဒကာဒကာမတွေ သိပြီးသားပါပဲ (မှန်ပါ့) ကိုယ်တော်ကြီး ဘယ်လမ်း လိုက်သွားတယ်ဆိုတာ ခင်ဗျားတို့ သိကြပြီ (သိပါပြီ ဘုရား) အလယ်လမ်းလိုက်သွားတယ်လို့ မှတ်ကြစမ်းပါနော် . . . (မှန်ပါ့)။

ဘဝကို ခင်တွယ်တာက သဿတလမ်း၊ ဘဝကို အရမ်းဖြတ်ချင်တာက ဉစ္ဆေဒလမ်း (မှန်ပါ့)။

ဘဝကို ခင်တွယ်တာက ဘာတုံး . . . (သဿတလမ်း ပါ) ဘဝကို ဉာဏ်မပါဘဲနဲ့ ရမ်းပြတ်ချင်တာက (ဉစ္ဆေဒလမ်းပါ ဘုရား)။

## မဂ္ဂင်လမ်းဆိုတဲ့ အလယ်လမ်း

အဲဒီနှစ်လမ်းကို ရှောင်ပြီးသကာလ မဇ္ဈိမ ပဋိပဒါဆိုတဲ့ အလယ်လမ်းကနေပြီး၊ မဂ္ဂင်ရှစ်ပါးတွေ ပွားများပြီးသကာလ ဧကာယနော ဘိက္ခဝေမဂ္ဂေါဆိုတဲ့အတိုင်း၊ အလယ်လမ်း ကြောင်းကနေ လိုက်သွားတာနဲ့ ဒုက္ခခပ်သိမ်း အပူသိမ်းတဲ့ အပူငြိမ်းတဲ့ နိဗ္ဗာန်ကြီးကို၊ ကိုယ်တော်မြတ်ကြီးနဲ့တကွ သခ်ျေ များစွာသော နောက်ပါတွေလည်း ဦးခင်မောင်တို့ လိုက်သွား ကြပြီ . . . (မှန်ပါ့)။

ဘယ်လမ်းကများ သွားကြပါလိမ့် (အလယ်လမ်းက သွားပါတယ်ဘုရား) အလယ်လမ်းက သွားကြတော့ ဒကာ ဒကာမတွေ ကျုပ်တို့ကျန်ရစ်တာ ဘယ်နှယ်ကြောင့်တို့ ကျန်ရစ် ပါလိမ့်မလဲ၊ ဘုရားတွေ ဂဂ်ိဳသဲမှုန့်နဲ့အမျှ ပွင့်သွားပါလျက်သားနဲ့ တို့ ကျန်နေရစ်တာ ဘာပါလိမ့်မလဲဆိုတာ တွေးလုံးထုတ်တော့ မှ၊ ဘဝခင်တွယ်တဲ့ သဿတလမ်းမှာ နေရစ်တာကိုးဗျ (မှန်ပါ့)။

## ဥစ္ဆေဒလမ်း

တစ်ခါတလေကျတော့ ဆရာကောင်း သမားကောင်း မတွေ့ ကိုယ့်စိတ်နဲ့ကိုယ် ဘဝပြတ်ရင် ပြီးတာပဲဆိုတဲ့ ဥစ္ဆေဒလမ်း ကို လိုက်နေတာနဲ့လည်း ကျန်ရစ်ခဲ့ကြတယ်နော် . . . (မှန်ပါ့)။

ဒါကြောင့် ဘုရားအဆူဆူ ပွင့်လို့ ကျုပ်တို့မပါခဲ့တာ အမှန်အားဖြင့် အများအားဖြင့် ပြောရမယ်ဆိုရင်၊ ဒကာသစ်တို့ ဦးမြရွှေတို့ သဿတလမ်း ဘဝခင်တွယ်တဲ့လမ်းမှာ နေရစ်တာ များတယ် (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ)။

## သဿတလမ်း

ဘယ်လမ်းနေရစ်ခဲ့တာများသတုံး . . . (ဘဝခင်တွယ် တဲ့ လမ်းမှာ များပါတယ်) ဘဝခင်တွယ်တာ သဿတလမ်း . . . (မှန်ပါ့) ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့ ကျန်ရစ်ခဲ့တာသည် ဘုရားသခင် ကိုယ်တော်မြတ်ကြီး တရားမဟောလို့ ကျန်ရစ်တာလား၊ ကျုပ်တို့ ကိုယ်တိုင်က သဿတဒိဋ္ဌိ အယူရှိပြီးသကာလ နေလို့ ကျန်ရစ်ခဲ့ကြတာလားဆိုတာ၊ ဒကာဒကာမတွေက မေးလို့ရှိရင်ဖြင့်၊ ကိုယ့်သား ကိုယ့်သမီး ကိုယ့်မြေး ကိုယ့်မြစ်နဲ့ ဘုံဘဝတွေ စံပြီး သကာလ၊ သုခဝေဒနာ နှိပ်စက်တာနဲ့ ဦးခင်မောင် ကျန်နေရစ် ရတယ် (မှန်ပါ့) သုခယောင် နှိပ်စက်လိုက်တာနဲ့ ဒကာဒကာမ တွေ ကျန်နေရစ်ရတယ်နော်. . . (မှန်ပါ့)။

## ဗုဒ္ဓဘာသာဝင်တွေမှာ ဘယ်ဒိဋ္ဌိများပါလိမ့်

ဒါဖြင့် များသောအားဖြင့် ဗုဒ္ဓဘာသာဝင်တွေမှာ သဿတခံပြီးသကာလ ကျန်ရစ်တာများတယ်နော် . . . (မှန်ပါ့)။

ဗုဒ္ဓဘာသာဝင်တွေမှာ ဘယ်ဒိဋ္ဌိများပါလိမ့် . . . (သဿတဒိဋ္ဌိ များပါတယ်ဘုရား) အို . . . ဒီက ငါလုပ်ထား တာကလေးတွေ ငါပဲ ရမှာပါပဲဆိုတဲ့ ကမ္မဿကတဉာဏ်က သဿတဒိဋ္ဌိမပြုတ်တော့၊ ကမ္မဿကတဉာဏ်လောက်နဲ့ ဒီဘဝ ငါလုပ်ထားတာတွေဟာ၊ ငါကျောင်းဆောက် ငါဘုရားတည် ထားတာတွေဟာ၊ ငါပဲ သွားပြီး ခံစားရမှာပဲ စံစားရမှာပဲဆိုပြီး သကာလ၊ ကမ္မဿကတဉာဏ်က ဒိဋ္ဌိမခွဲခွာနိုင်တော့ ဒါကလေး

ဟာလည်း ဘုံဘဝနှစ်သက်တဲ့ သဘောကလေး မပါဘူးလား . . . (ပါပါတယ်ဘုရား) ဘာဒိဋ္ဌိကလေးပါလိမ့် . . . (သဿတ ဒိဋ္ဌိပါဘုရား)။

## သဿတဒိဋ္ဌိရှိနေတယ်

သဿတဒိဋ္ဌိရှိနေတဲ့အတွက် မခွဲနိုင် မခွာရက်ဆိုတဲ့ ခန္ဓာ၊ မခွဲနိုင် မခွာရက် သားသမီးလေးတွေ မခွဲနိုင် မခွာရက်၊ ဒါကလေးတွေက ကိုယ့်ဒုက္ခကလေးတွေနဲ့ ကိုယ် တင်းတိမ်ပြီး သကာလ နေတဲ့ဥစ္စာ၊ ဒါကလေး ခိုင်တယ်၊ မြဲတယ်မှတ်ပြီး သကာလ နေတဲ့ သဿတလမ်းလိုက်နေတာနဲ့လည်း ဦးခင် မောင်ရေ ကျန်ရစ်ခဲ့ရတယ်နော် . . . (မှန်ပါ့)။

အဲဒီတော့ ဒကာဒကာမတွေ စဉ်းစားကြည့်၊ ဘုရား အဆူဆူ ဂေါ်တမဘုရားရှင် သဲစုမက ပွင့်တော်မူကြပါလျက်သားနဲ့ ငါတို့ ဘယ်ချောင်ထိုး ဘယ်လိုများ ကျန်ရစ်ပါလိမ့်မတုံး မေးတော့၊ ဘယ်ချောင်ထိုး နေနေ ထိုးတာက သိပ်အရေးမကြီးပါဘူး၊ ကျွတ်တမ်းဝင်မည့်ပုဂ္ဂိုလ်ဆိုရင် ဘုရားလိုက်မှာပဲ . . . (မှန်ပါ့) သို့သော် သဿတကြီးခံနေတဲ့အတွက် ဘုရားမလိုက်နိုင်ဘူး . . . (မှန်ပါ့)။

အခုပဲ ကဲ . . . ဒကာဒကာမတွေ ဒီနေ့ ဖြစ်ပျက်ရှုကြ။ နက်ဖြန် ညဏ်အမြင်ကလေး တက်ပြီး သဘက်ခါ ဒုက္ခဆုံးစွာ

ပိုင်းခြားပြီးသကာလ နိဗ္ဗာန်မြင်ပါလိမ့်မယ်၊ ဆက်အားထုတ်လို့ ရှိရင် ချက်ချင်း ရဟန္တာဖြစ်ပါလိမ့်မယ် ဆိုတာတောင်မှ၊ ဒကာ ဒကာမတို့ မလုပ်ဖြစ်ကြတာတွေ အကဲခတ်ကြည့်လို့ ရှိရင်ဖြင့်၊ ဘုံဘဝပျော်တဲ့ တဏှာလေးဟာ ဦးခင်မောင် ကျန်နေတယ် . . . (ကျန်နေပါတယ်ဘုရား)။

## အပြစ်တောမကြီးဘူး

အဲဒီကဲ့သို့ ကျန်နေသောကြောင့် ဒါသည် ဘဝတဏှာ ဆိုတာ သဿတဒိဋ္ဌိပါပဲ . . . ။ ဒိဋ္ဌိနဲ့ တဏှာ တွဲလျက်ဖြစ်ပြီး သကာလ နေပါတယ်။ ဒါကြောင့် မဇ္ဈိမ ပဏ္ဏာသအဋ္ဌကထာ မှာ သဿတဒိဋ္ဌိဟာ ဘဝစွန့်ဖို့ အတော်ခဲယဉ်းတယ်၊ ဘဝထဲမှာ သာ ပုန်းအောင်းနေတဲ့အတွက် သူဟာ နိဗ္ဗာန်အရောက်နှေး တယ်။ သို့သော် အပြစ်တော့ မကြီးဘူးတဲ့၊ ဒကာဒကာမတို့ (မှန်ပါ့)။

## နိဗ္ဗာန်အရောက်နှေးတယ်

သဿတဒိဋ္ဌိဟာ အပြစ်တော့ (မကြီးပါဘူးဘုရား) ဒါလောက်မကြီးလှဘူး၊ နိဗ္ဗာန်ကျတော့ (အရောက်နှေးပါတယ် ဘုရား) ဘုရားနဲ့တွေ့၊ ဘုရား၏ တပည့်သားနဲ့ တွေ့လည်း မလိုက်လိုသေးဘဲ ဘုံဘဝထဲမှာပဲ ပုန်းအောင်းနေရစ်တာပဲ . . .

(မှန်ပါ) ဘယ်လောက်ကြောက်စရာ ကောင်းသတုံး . . . (ကောင်းပါတယ်ဘုရား)။

ဘုံဘဝဆိုတာ ဒကာဒကာမတွေ သိပြီးသားအတိုင်း ပါပဲ ဘယ်ဘုံနေနေ အိုနာသေရှိတာပဲဆိုတာ ငြင်းဖို့ လိုသေးသလား . . (မလိုပါဘူး) အဲဒီဘုံဘဝတွေထဲမှာဘဲ ကိုယ့်ဘဝကလေးနဲ့ကိုယ် ပုန်းအောင်းနေရစ်၊ ရောက်ရာဘဝ ခင်တွယ်ပြီး အောင်းနေရစ်တဲ့အတွက်၊ သဿတဝါဒီရှိတဲ့ ပုဂ္ဂိုလ်များဟာ ဘုရားနဲ့သော်လည်းကောင်း ဘုရားတပည့်သားများနဲ့သော်လည်းကောင်း တွေ့ငြားသော်လည်း၊ ကျွတ်တမ်းဝင်ခဲတယ်။ သဿတဒိဋ္ဌိရှိတာ တယ်ကြောက်စရာကောင်းပါကလား. . . (ကောင်းပါတယ်ဘုရား) အပြစ်တော့ ဘာတဲ့တုံး. . . (သေးပါတယ်ဘုရား) ကျွတ်တမ်းကော. . . (ကျွတ်တမ်းဝင်ခဲပါတယ်ဘုရား)။

## အပြစ်တော့ကြီးတယ်

ဥစ္ဆေဒဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ကတော့ အပြစ်တော့ အတော်ကြီးတယ်။ ဒကာ ဒကာမတို့ ဘဝပြတ်ပြီးသားပဲ။ ဘာကိစ္စရှိသတုံး၊ ကုသိုလ်လည်း မပြုဘူး၊ အကုသိုလ်လည်း မကြောက်ဘူး. . . (မှန်ပါ) ဥစ္ဆေဒဒိဋ္ဌိရှိသမားက ကုသိုလ်တော့သူမပြုဘူး။ အကုသိုလ်တော့ လုပ်တာပဲ။ ဘုံဘဝလည်း သူမခင်ဘူး (မှန်ပါ)

မခင်ပေမယ့် သူဟာ ဒကာ ဒကာမတို့ နိဗ္ဗာန်ရှိတယ်လို့ ယူတဲ့ သဘောကမပါတော့၊ သေသွားပြီးတာပဲ ပြတ်သွားရင်ပြီးတာပဲ ဆိုတော့ တယူသန်မောဟ လွှမ်းနေတယ်ဆိုတာကော သဘောကျကြပလား. . . (ကျပါပြီဘုရား)။

## ကျွတ်တမ်းဝင်လွယ်တယ်

သေပြီးတာပဲကွာ သေတစ်နေ့ မွေးတစ်နေ့ အစရှိသည်နဲ့ ဥစ္ဆေဒဒိဋ္ဌိအယူကိုယူတတ်ပါတယ်တဲ့. . . (မှန်ပါ) ထိုကဲ့သို့ယူတဲ့ ပုဂ္ဂိုလ်ဟာ အပြစ်တော့အင်မတန်ကြီးသတဲ့ ဦးခင်မောင်. . . (မှန်ပါ) သို့သော်ဘုရားနဲ့ဖြစ်စေ ဘုရား၏တပည့်သားတွေနဲ့ ဖြစ်စေတွေ့မယ်ဆိုတော့ ချက်ချင်ကျွတ်တမ်းဝင်နိုင်တယ်။ ဘုရားဆုရင်လည်း အလျင်အမြန်တောင်းပစ်လိုက်တတ်တယ်။ သာဝကပါရမီဉာဏ်နဲ့သော်လည်း မြန်မြန်အားထုတ်ပြီး နိဗ္ဗာန် ယူလိုက်လေ့ရှိတယ်. . . (မှန်ပါ) ဒါကြောင့် ဥစ္ဆေဒဒိဋ္ဌိရှိက အပြစ်တော့ကြီးတယ် သို့သော် ကျွတ်တမ်းဝင်လွယ်သတဲ့ ဒကာ ဒကာမတို့ . . . (မှန်ပါ)။

သဿတဒိဋ္ဌိကတော့ . . . (အပြစ်သေးပြီးကျွတ်တမ်း တော့ဝင်ခဲပါတယ်) ကျုပ်တို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးမှာ များသောအားဖြင့် သဿတဒိဋ္ဌိရှိနေတတ်တယ်။ တမလွန်အပြစ်

တော့ မကြီးလှဘူး ဒကာ ဒကာမတို့ ကျွတ်တမ်းတော့ ဝင်ခဲတယ် နော်. . . (မှန်ပါ)။

## နိဗ္ဗာန်တော့တားတာချည်းပဲ

အဲဒီတော့ ဒီသာသနာ, ဥစ္စေဒဒိဋ္ဌိရှိနေသ၍ ကာလပတ်လုံး မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တော့ တားတာချည်းပဲလို့ မှတ်ရမယ်. . . (မှန်ပါ့) ရှင်းပါလား. . . (ရှင်းပါပြီ)။

ဘဝခင်တွယ်နေတဲ့ သာသနာက ဟိုဘဝ ဒီဘဝရှိတယ်။ ဒီဘဝမှာ ငါလုပ်ရင် ငါရမှာပဲဆိုတဲ့ သာသနာဒိဋ္ဌိသမားလည်း ဒကာ ဒကာမတို့ နိဗ္ဗာန်တော့တားတာပဲ. . . ။ ရှင်းပလား. . . (ရှင်းပါပြီ) ဥစ္စေဒဒိဋ္ဌိကကော. . . (နိဗ္ဗာန်တားပါတယ်) သို့သော် ဘယ်သူက ကျွတ်လွယ်သတုံးမေးတော့ ဘယ့်နှယ်ဖြေကြမလဲ . . . (ဥစ္စေဒသမားက ကျွတ်လွယ်ပါတယ်ဘုရား)။

ဥစ္စေဒဒိဋ္ဌိက အပြစ်တော့ကြီးသတဲ့ ဒကာ ဒကာမတို့ ကျွတ်လွယ်တယ်လို့ မှတ်ထားလိုက်စမ်းပါ. . . (မှန်ပါ့) သာသနာ ဒိဋ္ဌိကတော့ ဒကာ ဒကာမတို့ တမလွန်အပြစ်တော့ ဒါလောက် မကြီးလှပါဘူး၊ ဘုရားနဲ့ဖြစ်စေ ဘုရားတပည့်သားနဲ့ဖြစ်စေ တွေ့တဲ့အခါ ဘုံဘဝထဲ ပုန်းအောင်းချင်တဲ့စိတ်ကများလွန်းလို့ ဦးခင်မောင်တယ်ပြီးကျွတ်ခဲ့သတဲ့. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီဒိဋ္ဌိနှစ်ခုရှင်းပလား. . . (ရှင်းပါပြီဘုရား) ဘဝခင်တွယ်တာက ဘာဒိဋ္ဌိတဲ့တုံး. . . (သဿတဒိဋ္ဌိပါ) ဘဝမခင်တွယ်တာက. . . (ဥစ္ဆေဒဒိဋ္ဌိပါ)။ ဘယ်သူက တမလွန် အပြစ်ကြီးသတုံး. . . (ဥစ္ဆေဒဒိဋ္ဌိက ကြီးပါတယ်) ကျွတ်လွယ်တော့ ဘယ်သူက ကျွတ်လွယ်သတုံး. . . (ဥစ္ဆေဒဒိဋ္ဌိက ကျွတ်လွယ်ပါဘုရား)။

သဿတဒိဋ္ဌိက ဘုံဝခင်တွယ်တဲ့တဏှာကလေးက ရှိပြီးနေတော့ ကျွတ်ခဲပါတယ်လို့ အဋ္ဌကထာများမှာ * သေသေချာချာဖွင့်ပြတော့ ဒကာ ဒကာမတို့ ဒီဟာကိုရိပ်မိတော့ ဩော် . . . ဒို့နှစ်ခုစလုံးရှောင်ရမှာပါကလား. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ)။

## ပဋိစ္စသမုပ္ပါဒ်နားလည်မှ

နှစ်ခုစလုံး ရှောင်ချင်တော့ ခန္ဓာပဋိစ္စသမုပ္ပါဒ် နားလည်မှ နှစ်ခုစလုံးရှောင်လို့ရတယ်. . . (မှန်ပါ့)။

ဒကာ ဒကာမတို့ဘာနားလည်ရမတုံး. . . (ခန္ဓာပဋိစ္စသမုပ္ပါဒ်နားလည်မှပါဘုရား) ယခုခန္ဓာဖြစ်နေတဲ့ဖြစ်စဉ်ကြီးနားလည်မှ နှစ်ခုစလုံးလွတ်မယ်. . . (မှန်ပါ့) ဒီဟာနားမလည်ဘဲနဲ့ မနေ့ကလည်းပြော၊ တမြန်နေ့ကလည်း ပြောခဲ့တယ်၊ ဝိပဿနာရှုနေလို့ရှိရင် ဒီဒိဋ္ဌိနှစ်ခုက အမြဲတမ်းကန့်ကွက်နေတာပဲ. . . (မှန်ပါ့)။

---

*မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၊ ဒီဃနခသုတ်အဖွင့် ၁၄၃-၁၄၄ ကြည့်။

## ဖြစ်ပျက်ရမ်းရှုနေလို့မဖြစ်သေးဘူး

ဒါ့ကြောင့် ဒီဥစ္စာကို ဆရာဘုန်းကြီး အရေးတကြီး ပြောနေတယ်ဆိုတာ ဒကာ ဒကာမတွေအပေါ်မှာ စေတနာ မေတ္တာပိုတာလည်း သိပြီး မဟုတ်လား. . . (မှန်ပါ့)။ ဖြစ်ပျက် ရမ်းရှုနေလို့မဖြစ်သေးဘူး ဆိုတာကော ပေါ်လာကြပလား. . . (ပေါ်လာပါပြီ) ရှေ့ကရှင်းစရာလင်းစရာဖြစ်တဲ့ သဿတ ဥစ္ဆေဒ တွေကို ဦးခင်မောင် မခွာဘဲနဲ့ ရှုနေလို့ရှိရင်၊ ဒုဗ္ဗလဝိပဿနာ အားနည်းတဲ့ ဝိပဿနာဖြစ်နေလို့ ဦးခင်မောင်မရပါဘူး. . . (မှန်ပါ့) ခွာပြီးမှ ရှုလို့ရှိရင်ဖြင့် အားကြီးတဲ့ ဝိပဿနာဖြစ်လို့၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်ပါတယ်ဆိုတာ သေသေချာချာ မှတ်ကြပါ. . . (မှန်ပါ့)။

## ကုသိုလ်ဖြစ်ရုံလောက်မနာကြနဲ့

ဒါဘုန်းကြီးများက အခုထပ်ပြန်တလဲလဲပြောတော့ ဒကာ ဒကာမတွေက ဒီအဓိပ္ပါယ်ကို ခပ်သေးသေး သိမ်သိမ် မှတ်ပြီးတော့တို့. . . ကုသိုလ်ဖြစ်အောင် နာမယ်ဆိုတဲ့ စိတ်နဲ့ မနာကြနဲ့နော်. . . (မှန်ပါ့) ကုသိုလ်ဖြစ်ရုံလောက်ဆိုတော့ ရေအိုးစင်တည်နေတာတောင် ကုသိုလ်ဖြစ်တာပဲ. . . ဦးခင်မောင် . . . (မှန်ပါ့) တံမြက်စည်းလှည်းလှဲနေလဲ. . . (ကုသိုလ်ဖြစ် ပါတယ်) ကုသိုလ်တော့ဖြစ်ပါတယ်တဲ့. . . ဒီဌိက

မကွာလို့ရှိရင်ဖြင့် မင်္ဂဉာဏ် ဖိုလ်ဉာဏ်တွေကို မရနိုင်ဘဲရှိနေမယ် . . . (မှန်ပါ့) ကုသိုလ်က သုဂတိကို အကျိုးပေးပြီး မင်္ဂဉာဏ် ဖိုလ်ဉာဏ်ကို ကန့်ကွက်တဲ့ ဒိဋ္ဌိကပါနေပြန်လို့ရှိရင်လည်း နိဗ္ဗာန် မင်္ဂဖိုလ် ကျတော့ မတားပေဘူးလား. . . (တားပါတယ်)။

အဲဒါကြောင့် ဒကာ ဒကာမတွေ ခန္ဓာပဋိစ္စသမုပ္ပါဒ်ဆို တာ ကိုယ်တိုင်သိအပ်တဲ့ ဒိဋ္ဌိခွာတဲ့အလုပ်လို့ မှတ်ပါ. . . (မှန်ပါ့)။

## ခန္ဓာပဋိစ္စသမုပ္ပါဒ်ဆိုတာ

ခန္ဓာပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာပါလိမ့်. . . (ကိုယ်တိုင် သိအပ်တဲ့ဒိဋ္ဌိခွာတဲ့ အလုပ်ပါဘုရား)။ ကိုယ်တိုင်သိအပ်တဲ့ ကိစ္စ။ ဒါ ဒိဋ္ဌိမခွာဘဲနဲ့ ရကိုမရနိုင်တဲ့ကိစ္စဆိုတာ သေသေချာချာမှတ် ပါ. . . (မှန်ပါ့) ရှင်ဆန္ဒတော်တော်နဲ့ မရနိုင်တာ သေချာပလား . . . (သေချာပါပြီ)။

ကိုင်း ဒါဖြင့် ခန္ဓာပဋိစ္စသမုပ္ပါဒ်တော့ဖြင့် ဒကာ ဒကာမ တွေ အမြဲတမ်းမှတ်ရလိမ့်မယ်. . . (မှန်ပါ့)။ မြင်တယ်. . . မြင်စိတ်ကလေးပေါ်လာတယ်နော်. . . (မှန်ပါ့) စက္ခုံစပဋိစ္စရူ ပေစ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံဆိုတော့ မြင်စိတ်ကလေး မပေါ်ဘူးလား . . . (ပေါ်ပါတယ်) တိဏ္ဏံသင်္ဂတိဖဿော ဆိုလို့ရှိရင် မြင်တာကလေးနဲ့ တွေ့ချင်တာက မလာပေဘူးလား

(လာပါတယ်) တွေ့ပြီးသကာလ သူနဲ့ ပျော်ပျော်ပါးပါး နေချင်တဲ့ ဝေဒနာလေးကကော (လာပါတယ်)။

ဒါစာလိုပြောနေရင် ခင်ဗျားတို့က နားမလည်ဘူး၊ ခင်ဗျားတို့ စိတ်ထဲဖြစ်စဉ်တွေပေါ်လာအောင် ပြောမှနားလည်တယ် ဆိုသောကြောင့်၊ ခင်ဗျားတို့စိတ်ကို ခင်ဗျားတို့မြင်အောင် ဖမ်းနိုင်မှသာလျှင် နေရာကျမှာ ဖြစ်သောကြောင့်၊ စာသုံးနဲ့ မပြောဘဲနဲ့ခင်ဗျားတို့ဖြစ်စဉ်ကို ပြောပေးနေတယ်လို့ မှတ်ရလိမ့်မယ်နော် . . . (မှန်ပါ့)။

## မြင်တာကမြင်စိတ်

မြင်တာက မြင်စိတ်ဗျာ၊ မြင်ရင်ဖြင့် မြင်ရုံနဲ့ ခင်ဗျားတို့က မကျေနပ်သေးဘူး၊ တွေ့ချင်သေးတယ်ဆိုတာလာတယ်၊ မလာဘူးလား . . . (လာပါတယ်ဘုရား)။

မြင်ပြီး ဘာလုပ်ချင်ကြသတုံး (တွေ့ချင်တယ်) တွေ့ချင်ပြီး သကာလ ခင်ဗျားတို့က ပျော်ပျော်ပါးပါး ပြုံးပြုံးရွှင်ရွှင် နေချင်သေးတယ်ဆိုတာကော (လာပါတယ်ဘုရား)။

## တွေ့ချင်တာကဖဿ

ဒါဖြင့် ဒကာဒကာမတို့ မြင်တာက ဝိညာဏ်၊ တွေ့ချင်တာက ဖဿ၊ ပျော်ပျော်ပါးပါး နေချင်တာက ဝေဒနာ (မှန်ပါ) သဘောကျပလား (ကျပါပြီ)။

သွားတော့မယ်လို့ပြောတော့ မသွားပါနဲ့ဦးဆိုတော့ တဏှာကလာတားတယ် (မှန်ပါ) သဘောကျပလား (ကျပါပြီ)။

သွားတော့မယ်လို့ ပြောတော့ ခင်ဗျားတို့က ဘယ်နှယ် ပြောသတုံး . . . ထိုင်ပါဦး ခဏကလေးရှိသေးတယ်၊ မတွေ့ ရတာလည်း ကြာပြီ . . . ဆိုပြီးသကာလ တဏှာက ဝင်တား လိုက်တယ်၊ ဟုတ်လား (မှန်ပါ)။ ဟိုက တကယ်ထတော့မယ် ဆိုတော့ လက်ကလေး ဘာလေးဆွဲတာက ဥပါဒါန်ဖြစ်နေတယ် . . . (မှန်ပါ) သဘောကျပလား . . . (ကျပါပြီ) တဏှာ ပစ္စယာ ဥပါဒါန် မနေဘူးလား . . . (နေပါတယ်) ကာယကံဝစီကံနဲ့ ကျူးမှန်သွားဝယ်ဦးမယ်ဆိုပြီး စောင့်ဆိုင်းအောင် လုပ်ထားတာ ကော မရှိဘူးလား . . . (ရှိပါတယ်) ဒါကကမ္မဘဝလာဖြစ်တယ် . . . (မှန်ပါ) မဖြစ်ဘူးလား (ဖြစ်ပါတယ်)။

အဲဒါတွေ ကိုယ်ထဲမှာ ပေါ်တာကို ကိုယ်သိနေမှ ဩော် . . . ဒါဟာ ကိုယ့်ပဋိစ္စသမုပ္ပါဒ်က ကိုယ့်အစဉ်အတိုင်းကို ဒီအတိုင်း ဖြစ်နေတာပါကလားဆိုတာ သဘောကျပလား . . . (ကျပါပြီ)။

## ဖြုံးပြီးပြောမှာလား

ကဲ . . . လူက ဘယ်လိုမြင်တယ်ဆိုတော့ မြင်စိတ် မပေါ်ဘူးလား . . . (ပေါ်ပါတယ်) မြင်ရုံနဲ့ ကျေနပ်ကဲ့လား . . .

(မကျေနပ်ပါဘူး) ဘာလုပ်ချင်ကြသေးသတုံး (တွေ့ချင်ပါတယ်) မျက်နှာချင်းဆိုင်တွေ့ချင်တယ်ဆိုတဲ့ သဘောကလေး မလာဘူးလား . . . (လာပါတယ်) တွေ့ပြီး စကားစမြည်ကော (ပြောချင်ပါတယ်) စကားစမြည် ပြောမယ်ဆိုတော့ ပြုံးပြောမှာလား၊ မဲ့ပြောမှာလား (ပြုံးပြောမှာပါဘုရား) ပြုံးပြောလည်း သုခဝေဒနာ၊ မဲ့-ပြောလည်း ဒုက္ခဝေဒနာပဲ့၊ ပြောချင်တာနဲ့ပြော (မှန်ပါ) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## မဲ့ပြီးပြောမှာလား

ပြုံးပြောတော့လည်း ဝေဒနာပဲ . . .၊ မဲ့ပြီးသကာလ ကျုပ်တို့ ဘယ်နေ့က ဘာဖြစ်သွားတာပဲ . . . မကြားလိုက်ဘူးလို့ မျက်ရည်ခံထိုးတော့လဲ ဒေါမနဿဝေဒနာနဲ့ ပြောတာပဲ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

ဝေဒနာပစ္စယာတဏှာဆိုတာက ဒကာဒကာမတို့ ဒီလူက ကျုပ်မှာလည်း ကိစ္စရှိသေးတယ်ဗျဆိုတော့၊ အို . . . မသွားရသေးဘူးဆိုတော့ ဘာဖြစ်သွားသတုံး . . . (တဏှာဖြစ်ပါတယ်) တဏှာဖြစ်သွားတယ် (မှန်ပါ) ဟိုကတကယ်ထတော့မယ်ဆိုတော့ လက်ကလေး ဘာကလေး ဆွဲပြီး မတားဖူးကြဘူးလား . . . (တားဖူးပါတယ်) အဲဒါဆွဲပြီးတော့ကို ထားတဲ့အတွက် ဥပါဒါန်ကောမဖြစ်ဘူးလား . . . (ဖြစ်ပါတယ်) ဟိုသွား ဟော့

. . . စားစရာသောက်စရာတွေ ဝယ်ချေဦး၊ တစ်ခါတစ်လေ တွေ့ရတဲ့ဥစ္စာပဲဆိုပြီးသကာလ ကာယကံဝစီကံနဲ့ကော မပြောလိုက်ဘူးလား . . . (ပြောပါတယ်) အဲဒါက ကမ္မဘဝလာ ဖြစ်တယ် (မှန်ပါ) မဖြစ်ဘူးလား . . . (ဖြစ်ပါတယ်) ဒါဟာ ခင်ဗျားတို့ သန္တာန်မှာ ခင်ဗျားတို့ ခန္ဓာပဋိစ္စသမုပ္ပါဒ် (မှန်ပါ) သဘောကျပလား . . . (ကျပါပြီ)။

## ဒါ ဘာပဋိစ္စသမုပ္ပါဒ်တုံး

ဘာပဋိစ္စသမုပ္ပါဒ်တုံး . . . (ခန္ဓာပဋိစ္စသမုပ္ပါဒ်ပါဘုရား) ဟုတ်မှဟုတ်ကဲ့လား . . .၊ ဘုန်းကြီးက ကျောင်းကနေ ရမ်းပြောနေတယ်လို့ ခင်ဗျားတို့က ထင်နေလိမ့်ဦးမယ်၊ ကျောင်းကနေ ရမ်းပြောတာလားဖြစ်စဉ်ကိုက်လား (ဖြစ်စဉ် ကိုက်ပါ) သဘောကျပလား (ကျပါပြီ)။

အဲဒီတော့ ဒကာဒကာမတွေ ဒါအခု ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ တန်းပြီးသကာလ ပြလိုက်တော့ ဒါချုပ်ပြီးတော့မှ ဒါဖြစ်မှာပဲ . . .၊ မဟုတ်ဘူးလား၊ မြင်တဲ့စိတ်ချုပ်သွားပြီးတော့မှ တွေ့ချင်တဲ့ ဖဿကလေး မပေါ်လာဘူးလား (ပေါ်လာပါတယ်) သဟဇာတ အတူတကွ ဖြစ်တာပါပဲ၊ သို့သော် ထားလိုက်ပါတော့ နားလည်အောင် ပြောရိုးပြုကြရတော့ မြင်ပြီး တွေ့ချင်တဲ့ ဖဿကလေးဟာလည်း ဖဿချုပ်သွားပြန်တော့ ဘယ်သူလာပြန်

သတုံး . . . (ဝေဒနာပါဘုရား) တစ်ခါ ဝေဒနာချုပ်သွားပြန်တော့ (တဏှာလာပါတယ်) စကားစံမြည်ပြောရင်းပဲ ခင်လာတာက နောက်စိတ်က ကြားထိုးတယ် (မှန်ပါ)။

## ဝေဒနာ

စကားစမည်ပြောလို့ ဝမ်းသာတာက ဝေဒနာကိုးဗျ . . . (မှန်ပါ) ပြောရင်းဆိုရင်းနဲ့ပဲ သူ့အပေါ်မှာ မေတ္တာရှေ့ထား လာတယ်ဆိုတာက တဏှာရှေ့ထားလာတာကို ပြောတာပါ (မှန်ပါ) သဘောကျပလား (ကျပါပြီ) ခင်တွယ်တဲ့ တဏှာမလာ ဘူးလား (လာပါတယ်) သွားတော့မယ်ဆိုတော့ ဆွဲပြီးသကာလ တားလို့ နေပဲနေပါဦးတော့၊ ဘယ်သို့ဘယ်ညာ စကားမှ အကုန် မပြောရသေးဘူးဆိုပြီး ဆွဲလုံးပြုလုံးတွေနဲ့ ပြောလိုက်တာက ဘာဆိုကြမလဲ . . . (ဉပါဒါန်ပါ) စားပြီးမှ ပြန်ရမယ်၊ မစားရင် ပြန်ကိုမပြန်ရဘူး၊ ခင်ဗျားတို့လောကွက်ကလဲ ပေါလိုက်တဲ့ ဖြစ်ခြင်း . . . ရိပ်မိပလား (ရိပ်မိပါပြီ)။

## ကာယကံဝစီကံ

အဲဒီတော့ ဒါကဘာပါလိမ့်မတုံး ဒကာဒကာမတို့ . . . (ကမ္မဘဝပါ) ကာယကံ ဝစီကံဆိုတဲ့ ကမ္မဘဝပဲ . . . ဟုတ်လား၊ ကာယကံနဲ့ လှည့်ဆွဲချင်ဆွဲတားမယ်၊ ဝစီကံနဲ့ အတင်းတားချင်

တားတာတွေကကော မလာနိုင်ဘူးလား . . . (လာနိုင်ပါတယ်) အဲဒီတော့ ခင်ဗျားတို့ သန္တာန်မှာ ဒါတွေ ကျေးဇူးပြုပြီး ဖြစ်လာကြတဲ့ ဖြစ်စဉ်တွေ သိပလား . . . (သိပါပြီ) ရှင်းပြီနော် . . . (ရှင်းပါပြီ)။

## ဘယ်သူ့ ပဋိစ္စသမုပ္ပါဒ်တုံး

ဒါ ဘယ်သူ့ ပဋိစ္စသမုပ္ပါဒ်တုံးဗျ . . . (တပည့်တော်တို့ရဲ့ ခန္ဓာပဋိစ္စသမုပ္ပါဒ်ပါဘုရား) . . . တရားနာနေတဲ့ ဒကာ-ဒကာမတွေ၏ ခန္ဓာပဋိစ္စသမုပ္ပါဒ် (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီ)။

ဘယ်အချိန်ဖြစ်သတုံး . . . အိုဒီဉစ္စာက မျက်စိတစ်မှိတ်မှာပဲ နှစ်ခါသုံးခါ လေးခါငါးခါ စသည်ဖြစ်နေတယ် (မှန်ပါ) ပြတ်သေးရဲ့လား . . . (မပြတ်ပါဘူး)။

ကောင်းပြီ မပြတ်တော့ဘူးဆိုတော့ ပြတ်ရင် ခင်ဗျားတို့ ဗိုင်းခနဲလဲသေမယ် (မှန်ပါ) ဗိုင်းခနဲလဲသေတယ်ဆိုတာ စိတ်မရှိရင် ရုပ်ချည့်ပဲ ကျန်ရစ်ရင်သေမှာပေါ့ . . . (မှန်ပါ) မသေပေဘူးလား . . . (သေပါတယ်)။

အဲဒီတော့ ဒကာဒကာမတို့ ဒါတွေဟာ ခင်ဗျားတို့ သန္တာန်မှာ ဖြစ်တဲ့စိတ်စဉ်ဆိုတာကော ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

## ဖဿကိုပေါ်စေတယ်

ဒါဖြင့် ဒကာဒကာမတွေ ဝိညာဏ်ဖြစ်လည်း ဖြစ်ပြီး ချုပ်သွားတဲ့အခါ ဘယ်သူ့ကို ပေါ်စေသလဲလို့ မေးတဲ့အခါ ဖဿကို ပေါ်စေတယ်နော် . . . (မှန်ပါ) ဖဿကလည်း ဒကာဒကာမတို့ သူကပေါ်စေလို့ ဝိညာဏ်ကပေါ်စေလို့ ဖဿက ပေါ်ပြီ၊ ဖဿပေါ်ပြီး ဖဿကလည်း အနိစ္စတရားမို့ ချုပ်ပျောက်ရမယ် . . . (မှန်ပါ) ချုပ်ပျောက်ပင် ချုပ်ပျောက်ငြား သော်လည်း ဝေဒနာပေါ်ခွင့်ကို သူကျေးဇူးပြုခဲ့တယ် (မှန်ပါ) မပြုပေဘူးလား . . . (ပြုရပါတယ်) ဒါကြောင့် ဖဿပစ္စယာ . . . (ဝေဒနာပါ)။

## နောက်စိတ်ပေါ်အောင် ကျေးဇူးပြုခဲ့တယ်

ဒါဖြင့် ဒကာဒကာမတို့ ဖဿဟာ ဖြစ်လည်း ဖြစ်တယ်၊ ချုပ်လည်းချုပ်တယ်၊ သဘောကျပလား . . . (ကျပါပြီ) ဖြစ်ကော . . . (ဖြစ်ပါတယ်) ချုပ်ကော . . . (ချုပ်ပါတယ်ဘုရား) နောက် စိတ်ပေါ်အောင်ကော ကျေးဇူးပြုခဲ့ မပြုခဲ့ . . . (ပြုခဲ့ပါတယ် ဘုရား) ပြုခဲ့တယ်ဆိုတာ စဉ်းစားမိပလား . . . (မှန်ပါ)။

ဒါဖြင့် နောက်စိတ်ပေါ်အောင် ကျေးဇူးပြုခဲ့တော့ကို ဒကာဒကာမတို့ ဥစ္ဆေဒဒိဋ္ဌိဖြစ်သေးရဲ့လား . . . (မဖြစ်ပါဘူး) မဖြစ်တော့ဘူး သူ့အကြောင်း သူ့အကျိုးဖြစ်တယ်၊ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်နိုင်သေးရဲ့လား (မဖြစ်နိုင်ပါဘူး)။

ပျက်သွားတဲ့ သဘောကလေးဖြစ်လိုက်တော့ ခိုင်တယ် မြဲတယ်ဆိုတဲ့ သဿတကော ရှိသေးရဲ့လား . . . (မရှိပါဘူး)။

ဒီနေ့ပြောတဲ့ သဿတ, ဥစ္ဆေဒက သေသေချာချာ ဖြစ်စဉ်ကိုက်ပြောနေသောကြောင့် ဒကာဒကာမတွေက မနေ့က ထက် လေးလေးစားစား မှတ်ရမယ် . . (မှန်ပါ) ဖြစ်စဉ်ကိုက် ပြောတာ အခုဟာက . . . (မှန်ပါ)။

ပြန်ပြောပါမယ်၊ ဒကာဒကာမတို့ . . . ဒါခန္ဓာထဲ ဖြစ်စဉ် နော် . . . (မှန်ပါ) သဿတဥစ္ဆေဒ အကြီးအကျယ် ခွာနေ တယ်လို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ)။

ဘာလုပ်နေတာပါလိမ့် . . (သဿတဥစ္ဆေဒ အကြီး အကျယ် ခွာနေတာပါဘုရား)။

## ခင်ဗျားတို့ မဂ်ရစေချင်လို့

ခင်ဗျားတို့ မဂ်ရစေချင်လို့ . . . ၊ မဂ်ရခြင်း၏ အကြောင်း ကို ခင်ဗျားတို့ ဖြိုင်ဖြိုင်လုပ်ရင် အနီးဆုံးနဲ့ ရပါစေတော့လို့ ဒါကို လုပ်ပေးနေတာ . . . (မှန်ပါ) ရှင်းကြပလား . . . (ရှင်းပါပြီ) ဦးဘအုန်း သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

ဒီနေ့ပြောတဲ့ စကားနှစ်ခွန်းကို ကြည့်ပါတဲ့၊ ဒါတစ်ခု ပြောရင် အကုန်ပြောတာပဲ . . . (မှန်ပါ)။

## ဝေဒနာပေါ် ခွင့်ကိုပေးခဲ့တယ်

ဖဿသည် ဒကာဒကာမတို့ ဖြစ်လည်းဖြစ်တယ်ဆိုတော့ မြင်တော့ တွေ့ချင်တယ်ဆိုတဲ့ဥစ္စာ အမှန်ပဲမဟုတ်လား . . . (မှန်ပါဘုရား) တွေ့ချင်တာ ဘာခေါ်ကြမလဲ . . . (ဖဿပါ) အဲ . . . ဖဿက တွေ့ချင်ပြီးသကာလ သူကလည်း တာရှည်တွေ့နိုင်တဲ့ တရားလား အနိစ္စတရားလား . . . (အနိစ္စတရားပါ)၊ အနိစ္စတရားမို့ ဒကာဒကာမတို့ သူပျက်သွားလိမ့်မယ် . . . (မှန်ပါ) မပျက်ပေဘူးလား . . (ပျက်ပါတယ်) ပျက်လည်းသွားတယ်၊ ဝေဒနာပေါ် ခွင့်လည်း ပေးခဲ့မယ် . . . (မှန်ပါ) မပေးပေဘူးလား (ပေးပါတယ်) ဖဿပစ္စယာ . . . (ဝေဒနာပါ) ဟော ဝေဒနာပေါ် ခွင့်လည်း ပေးတယ် ပျက်လည်း ပျက်တယ် သူဟာ (မှန်ပါ)။

## ပျက်တာမြင်တော့ သဿတစင်တယ်

ထိုကဲ့သို့ ပေးခဲ့တော့ ပျက်တာကိုမြင်သဖြင့် ခင်ဗျားတို့ သဿတစင်တယ် (မှန်ပါ)။

သေသေချာချာမှတ်ပါ၊ ပျက်တာမြင်သဖြင့် (သဿတစင်ပါတယ်) နေရာပေးခဲ့တာမြင်သဖြင့် (ဥစ္ဆေဒစင်ပါတယ်) ဥစ္ဆေဒစင်သွားတယ် ပြတ်မှမပြတ်တော့ဘဲ . . . (မှန်ပါ)

ပျက်တော့ပျက်တယ် အကြောင်းအကျိုးတော့ပြတ်ကဲ့လား . . . (မပြတ်ပါဘူး)။

မောင်ထွန်းလှိုင် ဒါကို ဂရုစိုက်ပါ၊ အားလုံးတစ်ပွဲလုံး ဒကာဒကာမတို့ ဒီအရေးမသေးဘူး၊ အင်မတန် အရေးကြီးပါတယ် . . . (မှန်ပါဘုရား) ဒကာသစ်တို့ ဦးဇံရင်တို့ ဒီအရေးမသေးဘူးဆိုတာ သေသေချာချာမှတ်ပါ (မှန်ပါဘုရား)။

ပြန်ပြောပါတယ်၊ ဝိညာဏ်ရဲ့ နောက် ဖဿကလေးဟာ မဖြစ်ဘူးလားဗျာ . . . (ဖြစ်ပါတယ်ဘုရား) ဖြစ်ပြီးသကာလ သူဟာ ဖြစ်ပြီးပျက်ရမည့် တရားဖြစ်သောကြောင့် ပျက်မှာပဲ . . . (မှန်ပါ) ပျက်ပင်ပျက်ငြားသော်လည်း ဝေဒနာကို ပေါ်ခွင့်ပေးမပေး . . . (ပေးပါတယ်ဘုရား) နဂိုက ဝေဒနာရှိနှင့်တာ မဟုတ်ဘူးနော် . . . သူချုပ်မှ ပေါ်ရမှာ . . . (မှန်လှပါ)။

ကဲ . . . ဒါဖြင့် ဖဿကလေး ပျက်တာဖြစ်သဖြင့် ဘယ်ဒိဋ္ဌိစင်သတုံး . . . (သဿတဒိဋ္ဌိစင်ပါတယ်) သဿတဒိဋ္ဌိစင်သွားပြီ ခိုင်တယ် မြဲတယ်လို့ ဦးခင်မောင်ယူသေးရဲ့လား . . . (မယူပါဘူး)။

## ကြောင်းကျိုးဆက်တော့ ဥစ္ဆေဒစင်တယ်

နောက် ဝေဒနာကလေး ပေါ်လာတာ မြင်သဖြင့်လည်း အကြောင်းအကျိုး ဆက်သလား ပြတ်နေသလား . . .

(ဆက်နေပါတယ်ဘုရား) အကြောင်းအကျိုး ဆက်တာ မြင်သဖြင့်လည်း ဥစ္ဆေဒဒိဋ္ဌိ စင်သွားတယ် . . . (မှန်ပါ) ဖသကလေး ပေါ်မှာ ဥစ္ဆေဒဒိဋ္ဌိကော ရှိသေးရဲ့လား . . . (မရှိပါဘူး) သူဟာ ပျက်သွားတာမြင်သဖြင့်လည်း သဿတစင်တယ်၊ သူက ကျေးဇူးပြုခဲ့တာမြင်သဖြင့်လည်း ဦးခင်မောင် ဥစ္ဆေဒမစင်ဘူးလား . . . (စင်ပါတယ်)။

ဒါဖြင့် ဒီတရားလေးတစ်ခုမှာ ပျက်သွားတာမြင်လိုက်ရင် (သဿတစင်ပါတယ်) သူချုပ်သွားငြားသော်လည်း သူ့နေရာ ဝေဒနာပေါ် ခွင့်ကို မပေးခဲ့ဘူးလား . . . (ပေးခဲ့ပါတယ်) ပေးခဲ့တာ မြင်သဖြင့် . . . (ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်) အကျိုးအကြောင်း သဘာဝပြတ်မသွားတာတော့ သေချာတယ် . . . (မှန်ပါ)။

ပျက်သွားတာလည်းသေချာတယ်၊ ပြတ်မသွားတာကော (သေချာပါတယ်) ရှင်းပလား . . . (ရှင်းပါပြီ)။

## သူကကျေးဇူးပြုခဲ့တာမြင်လို့

ဒီဥစ္စာက အင်မတန်နားကြီးကြီးနဲ့ ထောင်မှ ဦးခင်မောင်ရေ ရှင်းမှာနော် . . . (မှန်ပါ) နားသေးသေးနဲ့ မထောင်ကြနဲ့ဆိုတဲ့ ဥစ္စာကိုလည်း သတိပေးရပြန်တယ် (မှန်ပါ) ဘာဖြစ်လို့လည်းဆိုလို့ရှိရင် ကိုယ့်ခန္ဓာပဋိစ္စသမုပ္ပါဒ်ထဲ ဒီတရားလေးတစ်ခုကို

ပျက်တာမြင်သဖြင့် သဿတစင်တယ်၊ သူကကျေးဇူးပြုခဲ့တာ မြင်သဖြင့်လည်း ဒါကလေးဟာ ပြတ်သွားတယ်လို့ ယူသေးရဲ့လား . . . (မယူပါဘူး) ဒီတစ်လုံးတည်းမှာ သဿတ ဥစ္ဆေဒ စင်ရမှာ ဦးဘအုန်းရ (မှန်ပါ)။

ကဲ ဒကာ ဒကာမတွေ ဦးဇံရင်တို့ လွယ်သလားဗျာ . . . (မလွယ်ပါဘူးဘုရား)။

ပြန်ပြောဦးမယ် ဒကာ ဒကာမတို့ သုံးခေါက်စေ့အောင် ပြန်ပြောဦးမယ်၊ ဒါကိုကြပ်ကြပ်သတိထားပါ (မှန်ပါ)။ မြင်တာကို ဒကာ ဒကာမတို့ မြင်တဲ့စိတ်ကလေး ချုပ်သွားပြီးသည့်နောက် ခင်ဗျားတို့က ဘယ်လိုပေါ်လာသတုံး . . . တွေ့ချင်တယ် . . . (မှန်ပါ) တွေ့ချင်တာ ဘာခေါ်မယ် . . . (ဖဿပါ)။

ကဲ ဖဿကလေး လက်ကိုင်ထားပါပြီ ဒကာဒကာမတို့ ဖဿကလေးဟာ ပေါ်မလာဘူးလား . . . (ပေါ်လာပါပြီ) ဒါ ခင်ဗျားတို့ သူများပြောလား၊ အဟုတ်တွေ့ချင်တာလား . . . (အဟုတ်တွေ့ချင်တာပါ) မုန်းတဲ့ပုဂ္ဂိုလ်ကော . . . . (တွေ့ချင်တာပါပဲ) မုန်းတဲ့ပုဂ္ဂိုလ်လည်း ကျုပ်က မျက်နှာချင်းဆိုင် ပြောချင်တာပဲဆိုတာ လာသေးတာပဲ . . . (မှန်ပါ) မလာဘူးလာ . . . (လာပါတယ်)။

မုန်းတဲ့ပုဂ္ဂိုလ်လည်း . . . (တွေ့ချင်ပါတယ်) မုန်းတဲ့ပုဂ္ဂိုလ်မို့ ကျုပ်က မျက်နှာကြည့်ပြောရမှ ကျေနပ်တာဆိုတာမျိုး

က လာသေးတော့ မုန်းတဲ့ပုဂ္ဂိုလ်ကိုလည်း ခင်ဗျားတို့က တွေ့ချင်တာပဲ (မှန်ပါ)။

## ဖဿပေါ်လာတယ်

ကဲ . . . ဒါဖြင့် တွေ့တဲ့ ဖဿကလေးဟာ ဒကာဒကာမတို့ တွေ့ရော . . . တွေ့ပြီးသည်၏ အခြားမဲ့၌ ဖဿကလေးဟာ ခဏဖြစ်ပြီး မချုပ်ပေဘူးလား (ချုပ်ပါတယ်) သူ့ဘက်တမ်းက ဒါလောက်ရှိတော့ ဒါလောက်နဲ့ သူချုပ်သွားတယ် (မှန်ပါ) ချုပ်သွားတာ မြင်လိုက်တော့ ဒကာဒကာမတွေ ဘယ့်နှယ် ဆိုမလဲ . . . (သဿတဒိဋ္ဌိစင်ပါတယ်)။

## သေသေချာချာမှတ်စမ်းပါနော်

မောင်ထွန်းလှိုင်တို့ သေသေချာချာမှတ်စမ်းပါနော် (မှန်ပါ) သဿတစင်သွားပြီ၊ ချုပ်တော့ ချုပ်သွားတာပဲ ဝေဒနာပေါ်ခွင့်ကို ပေးခဲ့ မပေးခဲ့ . . . (ပေးခဲ့ပါတယ်ဘုရား) သူဟာ ချုပ်သာသွားတယ် သူ့အကြောင်းသတ္တိ ဘယ့်နှယ်တုံး . . . (မကုန်သေးပါဘူး ကျေးဇူးပြုခဲ့ပါတယ်) အဲဒီတော့ အကြောင်းသတ္တိမကုန်တာ သိလိုက်တော့ ဘာဒိဋ္ဌိစင်သွားသတုံး . . . (ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်)။

ဒါဖြင့် ဒီဖသဿကလေးတစ်လုံးတည်းမှာ ဒကာဒကာမတို့ အပျက်မြင်သဖြင့် သဿတစင်တယ်၊ သူက ကျေးဇူးပြုတတ်တဲ့ သတ္တိရှိတာမြင်သဖြင့် ဘာစင်သွားပြန်သလဲ (ဥစ္ဆေဒဒိဋ္ဌိစင် ပါတယ်)။

ဒါဖြင့် တစ်လုံးတစ်လုံးတည်းမှာ သဿတဥစ္ဆေဒစင်စင် သွားရမယ် (မှန်ပါ) ကဲ . . . ကျေနပ်ကြပလား (ကျေနပ်ပါပြီ ဘုရား) အဖြစ်မြင်ရင် (ဥစ္ဆေဒစင်ပါတယ်) အပျက်မြင်ရင် (သဿတ စင်ပါတယ်)။

## ဒီအမှန်သုံးချက်မလွတ်စေနဲ့

ဒါဖြင့် ဒကာဒကာမတို့ ဖြစ်လဲ ဖြစ်တယ် . . . မသိ ဘူးလား (သိပါတယ်) ပျက်တော့ . . . (ပျက်ပါတယ်) အဲ . . . ဖြစ်လည်း ဖြစ်တာ့ အမှန်ပဲနော် (အမှန်ပါ) ပျက်လည်း ပျက်တာ (အမှန်ပါ) ပျက်ပြီး ကျေးဇူးပြုခဲ့တာလည်း . . . (အမှန်ပါဘုရား) ဖြစ်တာလည်း အမှန်၊ ပျက်တာလည်းအမှန်, ကျေးဇူးပြုခဲ့တာ လည်း အမှန်ပဲ၊ ဒီအမှန်သုံးချက်ကို မလွတ်စေနဲ့ (မှန်ပါ)။ ဒီအမှန်သုံးချက်ကို ဒကာဒကာမတွေ မလွတ်စေပါနဲ့ . . . နော် (မှန်ပါ) ဝိပဿနာရှုတော့မယ်ဆိုတော့ ဒီတစ်လုံးတည်းမှာ ရှုရမှာ နှစ်လုံးပူးပြီး ရှုလို့မရပါဘူး (မှန်ပါ) ဒကာဒကာမတွေ စိတ်ထဲမှာ တစ်လုံးသာပေါ်မှာကိုး . . . (မှန်ပါ) နှစ်လုံးပေါ်တယ်လို့ ထုံးစံ ရှိရဲ့လား . . . (မရှိပါဘူး)။

## ဝေဒနာပေါ်လာတယ်

ဉပမာ ဝေဒနာကလေးက ဖျတ်ဆို ဖဿက ချုပ်သွားတော့ ဝေဒနာကလေးက မပေါ်ဘူးလား (ပေါ်ပါတယ်) ပေါ်ပြီး သူ့ အာလုပ်ရမည့် တရားတုံး . . . (ချုပ်ရမည့် တရားပါဘုရား) ချုပ်ရမည့် တရားဆိုတော့ ပေါ်တာမြင်သဖြင့်လည်း ဒကာ ဒကာမတို့အဖြစ်ကို သူမမြင်ဘူးလား . . . (မြင်ပါတယ်) နောက်ပျက်သွားတယ်၊ ဒကာ ဒကာမတို့ ပျက်သွားတာမြင်တော့ ဘယ်ဒိဋ္ဌိစင်သတုံး (သဿတဒိဋ္ဌိစင်ပါတယ်) ခြော် . . . ခိုင်တယ်မြဲတယ်လို့ တို့ယူထားတာ လွဲကုန်ပြီဆိုတော့ ဒိဋ္ဌိရှိသေးရဲ့လား (မရှိပါဘူး) သို့သော်လည်း သူသာ ပျက်သွားတယ် ဒကာဒကာမတို့။ ပျက်ပြီး သူ့ သတ္တိကလေးက ကျေးဇူးပြုသေးသလား၊ မပြုဘူးလား . . . (ပြုပါတယ်ဘုရား) ဟော . . . တဏှာ ကလေး နောက်ထပ်ပေါ်လာတယ် (မှန်ပါ) မပေါ်ဘူးလား . . . (ပေါ်ပါတယ်)။

## တဏှာပေါ်လာတယ်

ဘာပေါ်လာသတုံး . . . (တဏှာနောက်ထပ်ပေါ်လာပါတယ်) တဏှာ ပေါ်လာတော့ ချုပ်သွားတဲ့ ဓမ္မ၏ အနန္တရသတ္တိပဲဆိုတာ မသိနိုင်ဘူးလား . . . (သိနိုင်ပါတယ်) သိတော့ ဥစ္ဆေဒဒိဋ္ဌိ လာသေးရဲ့လား . . . (မလာပါဘူး) ဒါဖြင့် ဒီတရား

ကလေးက အဖြစ်မြင်သဖြင့် ဥစ္ဆေဒစင်တယ်၊ အပျက်မြင်သဖြင့် သဿတစင်တယ်ဆိုတာ သေသေချာချာ ကျေနပ်ပလား . . . (ကျေနပ်ပါပြီ)။

ဒါဖြင့် ဒီတရားကလေး တစ်ခုတစ်ခုမှာ ဒကာဒကာမတို့ ဖြစ်ပျက်ချည်းပဲ (မှန်ပါ) သဘောကျပလား (ကျပါပြီ) ခင်ဗျားတို့ ခန္ဓာထဲပေါ်တဲ့ တရားတစ်ခုတစ်ခုမှာ . . . . (ဖြစ်ပျက်ချည့်ပါဘုရား) အဲဒီတော့ အဖြစ်မြင်ရင် ဘာစင်သတုံး . . . (ဥစ္ဆေဒစင်ပါတယ်) အပျက်မြင်ရင်. . . (သဿတစင်ပါတယ်) ကဲ. . . သဘောပါကြပလား. . . (ပါပါတယ်ဘုရား)။

အဖြစ်မြင်ရင်. . . (ဥစ္ဆေဒစင်ပါတယ်) ဥစ္ဆေဒစင်တယ်ဆိုတော့ ဪ-ဒါဟာ နောက်ကအကြောင်းမရှိဘဲနဲ့ သူမဖြစ်ဘူး . . . (မှန်ပါ) ဒီလိုဆိုတော့ ဥစ္ဆေဒစင်မသွားဘူးလား . . . (စင်သွားပါတယ်) နောက်ကအကြောင်းမရှိဘဲနဲ့ အခုဓမ္မကလေးက မဖြစ်နိုင်ဘူးဆိုတာ သေချာပလား. . . (သေချာပါပြီ)။

ကဲ. . . ကဲဖြင့် ဒီတရားကလေးမှာ ဖြစ်ပျက်နှစ်ခု မရှိဘူးလား ရှိသလား. . . (ရှိပါတယ်ဘုရား) ကဲ သူချုပ်သွားပြန်တော့ တဏှာကလေးက ပေါ်လာပြန်တယ်ဆိုတော့ သူ့အဖြစ်မြင်ရင်. . . (ဥစ္ဆေဒစင်ပါတယ်) အပျက်မြင်ရင် (သဿတစင်ပါတယ်) သေချာကြပလား. . . (သေချာပါပြီဘုရား)။

ဒီလိုချည့် ကိုမြရွှေတို့ ဦးဇံရင်တို့ ဩော်. . . ဒါကလေးဟာ ဖြစ်လည်းဖြစ်တယ် ပျက်လည်းပျက်တယ်နော်. . . လို့ ခင်ဗျားတို့ ဉာဏ်ထဲမှာ ရှုလိုက်တိုင်း ဖြစ်လည်းဖြစ်ပေမှာပဲ၊ ဒီဥစ္စာက အကြောင်းမကင်းသေးတော့ ဖြစ်မှာပဲဆိုတော့ ဥစ္စောဒ စင်မသွားဘူးလား. . . (စင်သွားပါတယ်) အကြောင်းသတ္တိကုန်တော့လည်း ပျက်ပေမှာပဲဆိုတော့ သဿတကော. . . (စင်ပါတယ်ဘုရား) ဒီလိုသိသိသွားရမယ်တဲ့ တစ်လုံးတည်းမှာ . . . (မှန်ပါ) အင်မတန်အရေးကြီးတယ်နော် . . . (မှန်ပါ)။

ဒကာ ဒကာမတို့ ဒါဟာ သာမည အရေးလား အလွန်ကြီးတဲ့အရေးလား. . . (အလွန်ကြီးတဲ့အရေးပါဘုရား) အဲဒါကို ခင်ဗျားတို့က ဘုန်းကြီးကလည်း အရေးကြီးတယ် တို့ကလည်း ခက်လိုက်တာလို့ လုပ်မနေနဲ့. . . (မှန်ပါ) ရိပ်မိပလား. . . (ရိပ်မိပါပြီ) နားမလည်ရင် လည်အောင်ကို နားထောင်ရမယ်။ ဒါကလေးနှစ်ခု နားမလည်တော့ဘူးဆိုရင် ခင်ဗျားတို့ အာပေါက်အောင် အနိစ္စ ဒုက္ခ အနတ္တအားထုတ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်မရနိုင်ဘူး. . . (မှန်ပါ)။ သဘောကျပလား. . . (ကျပါပြီ)။

## ပုတီးကြိုးသာပြတ်မယ်မရဘူး

အနိစ္စ ဒုက္ခ အနတ္တကို တစ်ခါတည်း ပုတီးတစ်ကုန်းပြီး တစ်ကုန်းစိပ်ပါ။ ပုတီးကြိုးသာပြတ်မယ် မရနိုင်ဘူး. . . (မှန်ပါ)။ ရိပ်မိပလား. . . (ရိပ်မိပါပြီ) ဘာဖြစ်လို့ မရတာတုံး။ ဘာမစင် လို့ပါလမ့်. . . (သဿတ ဉစ္ဆေဒ မစင်လို့ပါ) လုပ်သာလုပ်နေ တာကိုး သဿတ ဉစ္ဆေဒ ကပ်လျက်ရှိပြီးသကာလနေတော့ ဦးဇံရင်ရေ ရနိုင်ပ့ါမလား. . . (မရနိုင်ပါဘူး) ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

## ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်

ဒါဖြင့်တစ်လုံးတစ်လုံးမှာ ဖြစ်ပျက်ရှိတာကော ကျေနပ် ပလား. . . (ကျေနပ်ပါပြီ) အဖြစ်ကောင်းကောင်းမြင်ရင် (ဉစ္ဆေဒစင်ပါတယ်) အပျက်ကောင်းကောင်းမြင်ရင်. . . (သဿ တစင်ပါတယ်) ဒါဖြင့် ဖြစ်ပျက်ဟာ ခင်ဗျားတို့ အခုလိုသိပြီးမှ ရှုလို့ရှိရင် အားကြီးတဲ့ ဝိပဿနာဖြစ်သောကြောင့်၊ ဝိပဿနာ ဉာဏ်က အနန္တရပစ္စည်း၊ မဂ်ဉာဏ်က အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်ရမယ် သေသေချာချာမှတ်တော့. . . (မှန်ပါ) အနန္တရပစ္စယော၊ အခြားမရှိမူ၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း . . . ဆိုတာ သဘောကျပလား. . . (ကျပါပြီ)။

အခြားမရှိမူ၍ ကျေးဇူးပြုတတ်သောတရားလည်း ကောင်းဆိုတော့ ဒါတွေကို ဖြစ်ပျက် ဖြစ်ပျက်လို့ ရှုလိုက်တော့ ဖြစ်ပျက်ရှုတဲ့ ဉာဏ်ကလေးက မလာပေဘူးလား. . . (လာပါ တယ်) ဖြစ်ပျက်ရှုတဲ့ ဉာဏ်အဆုံးမှာ ဒကာ ဒကာမတို့ ဒီဘက်က ဖြစ်ပျက်ကို မမြင်တဲ့ နိဗ္ဗာန်ကိုသာမြင်တဲ့ မဂ္ဂင်ရှစ် ပါးလာရမယ်။ ကဲ. . . နည်းလမ်းမှန်သွားရင် မြင်မသွားနိုင် ဘူးလား. . . (မြင်ပါ တယ်) သဿတ ဥစ္ဆေဒခွာပြီးသား ပုဂ္ဂိုလ်မှာ ဝိပဿနာဉာဏ် ပြီးရင် မဂ်ဉာဏ်ရလာမယ်တဲ့၊ ရှင်းပလား . . . (ရှင်းပါပြီး)။

## မဂ်ဉာဏ်ဟာလာပါတယ်

သဿတ ဥစ္ဆေဒရှင်းပြီးသား ပုဂ္ဂိုလ်မှာ ရှုလိုက်လို့ရှိရင် ဒီဘက်က ဖြစ်ပျက်တွေ ရှုလိုက်လို့ ရှိရင်ဘယ့်နှယ်ဆိုကြမလဲ . . . (ဝိပဿနာဉာဏ်လာပါတယ်) ဝိပဿနာဉာဏ်ငါးခုလာပြီး မဂ္ဂင်ရှစ်ပါးတည်းဟူသော မဂ်ဉာဏ်ဟာ. . . (လာပါတယ် ဘုရား) ဝေးသလားဗျာ. . . (မဝေးပါဘူး)။ ဒါကြောင့် သူက အနန္တရပစ္စည်း သူက အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်၊ ဒီအကြောင်း ကို ကြိုးစားရင် ဒီအကျိုးပေါ်မယ်တဲ့ ခင်ဗျားတို့ မကြာတော့ဘူး။ ရိပ်မိပလား (ရိပ်မိပါပြီ) အဲဒီတော့ ကြားဝင်စရာများ ရှိရဲ့လား . . . (မရှိပါဘူး)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီတစ်လုံးကလေးမှာ သဿတ ဥစ္ဆေဒခွာပြီး သက်ာလ ပြော် ဖြစ်သင့်လို့ဖြစ်တယ်၊ သူ့ အကြောင်းဖြစ်လို့ သူ့အကျိုးဖြစ်တယ်၊ သူ့အကြောင်း ချုပ်လို့ သူချုပ်ရရှာတာပဲလို့ သိလိုက်တော၊ ပြော် ဖြစ်သင့်လို့ဖြစ်, ပျက် သင့်လို့ပျက်သွားတာပဲလို့ မြင်လိုက်တော့ ဒါဟာ ဘာဉာဏ်ဖြစ် သွားသတုံး. . . (ဝိပဿနာဉာဏ်ပါဘုရား) ဒိဋ္ဌိကွာပြီးသား မြင်တဲ့ဉာဏ်ပဲ။ ဒီအထဲမှာ ဒိဋ္ဌိရောနေသေးသလား. . . (မရော ပါဘူး)။

## ဖြစ်ပျက်မြင်ရင်မဂ္ဂင်ငါးပါး

အဲဒီတော့ ဒိဋ္ဌိကွာပြီးသား မြင်တဲ့ဝိပဿနာဉာဏ် သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဆိုတဲ့ မဂ္ဂင်ငါးပါးဟာ ရှိနေတဲ့ မဂ္ဂင်ငါးပါးလို့ မှတ်ကြပါ ဒကာ ဒကာမတို့. . . (မှန်ပါ) ရှိနေရင် မဂ္ဂင်ငါးပါးလို့ မှတ်ကြပါ . . . (မှန်ပါ) ဖြစ်ပျက်မြင်ရင် . . . (မဂ္ဂင်ငါးပါးဘုရား)။

အဲဒီတော့ ဖြစ်ပျက်မြင်ရင် မဂ္ဂင်ငါးပါးရမယ်လို့ဆိုတာ ဒကာ ဒကာမတို့ သဿတ ဥစ္ဆေဒရှင်းပြီးသား ပုဂ္ဂိုလ်မှာ ဒီဥစ္စာအားနည်းတဲ့ ဝိပဿနာလို့မဆိုနဲ့. . . (မှန်ပါ) ဘယ့်နှယ် ဆိုကြမလဲ. . . (အားကြီးတဲ့ဝိပဿနာပါ) အားကြီးတဲ့ ဝိပဿနာလို့ ဆုံးဖြတ်ချက်ချလိုက်စမ်းပါ. . . (မှန်ပါ)။

## အားကြီးတဲ့ဝိပဿနာ

ဘယ်လို ဆုံးဖြတ် ချက် ချမလဲ. . . (အားကြီးတဲ့ ဝိပဿနာပါဘုရား) ဘယ့်နှယ့်ကြောင့် အားကြီးတာတုံး. . .။ ဒိဋ္ဌိခွာပြီးတော့ကို မြင်တဲ့အမြင်. . . (မှန်ပါ)။

ရှေ့ကဖြစ်ပျက်ကလေးကို ဘာခွာပြီးတော့ မြင်တာတုံး . . . (ဒိဋ္ဌိခွာပြီးတော့မြင်တဲ့ အမြင်ပါဘုရား) ဒိဋ္ဌိရောနေသေး သလား. . . (မရောပါဘူး) ကုသိုလ်ဖြစ်ရုံလောက် လုပ်တာမျိုး ဟုတ်သေးရဲ့လား. . . (မဟုတ်ပါဘူး) မဟုတ်ဘူးတဲ့၊ ဖြစ်သင့် လို့ဖြစ်တယ်။ ပျက်သင့်လို့ ပျက်တယ်ဆိုတဲ့ဉစ္စာ တစ်ခါတည်း မြင်မလာဘူးလား. . . (မြင်လာပါတယ်ဘုရား) မြင်လာတဲ့ အခါကျတော့ ဝိပဿနာမဂ် သဘောကျပလား. . . (ကျပါပြီ) နောက်ရင့်လာတော့ ဝိပဿနာမဂ်က လောကုတ္တရာမဂ်. . . ကို လာမယ်။ ကဲ. . . ဝေးသလားဗျာ. . . (မဝေးပါဘူး)။

## ဝိပဿနာမဂ်

ပဋ္ဌမရှေးဦးစွာတော့ ဒိဋ္ဌိခွာပြီးသား ပုဂ္ဂိုလ်မှာသူက ဘာတုံး. . . (ဖြစ်ပျက်ပါ) သူကဘာတုံး. . . (ဝိပဿနာ မဂ် ပါဘုရား)။ ကဲ. . . ဝိပဿနာမဂ်လည်း ရင့်လည်းရင့်ပါရော ဒကာ ဒကာမတို့ ဝိပဿနာမဂ်ပြီးတော့ ဘာလာမယ်. . . (လောကုတ္တရာမဂ်လာပါတယ်) ဝေးသလားဗျာ. . . (မဝေး ပါဘူးဘုရား)။

အဲဒီတော့ မဝေးတာကိုလည်း သိကြပြီ။ အဋ္ဌကထာတွေလာတဲ့အတိုင်း ဝိပဿနာမဂ်က အနန္တရပစ္စည်း၊ လောကုတ္တရာမဂ်က အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်ဆိုတာ ဦးခင်မောင်တို့ ကျေနပ်ပလား. . . (ကျေနပ်ပါပြီ) ကြားကလေး များခြားသေးသလား. . . (မခြားပါဘူး)။

## လောကုတ္တရာမဂ်ကို ကျေးဇူးပြုနိုင်တယ်

ဒါဖြင့် ဒိဋ္ဌိခွာပြီးမှ ရှုတဲ့ဝိပဿနာဉာဏ်သည် အခြားမရှိဟူ၍ လောကုတ္တရာကို ကျေးဇူးပြုနိုင်တယ်ဆိုတာ ပေါ်ကြပလား. . . (ပေါ်လာပါပြီ)။

## ဘုန်းကြီးဝမ်းသာမဆုံးပါဘူး

ဒါဖြင့် ဒီနေ့ ဒီဒကာ ဒကာမတွေကို ဒါလောက် ခက်ခက်ခဲခဲ အဓိပ္ပါယ်ကို ဒါလောက်ဉာဏ်ထဲမှာ ထင်ထင်ရှားရှားဖြစ်အောင် ပြောရတဲ့အတွက် ဘုန်းကြီးတို့အတွက်မှာလည်း ဝမ်းသာမဆုံးပါဘူး. . . (မှန်ပါ) ခင်ဗျားတို့အတွက်မှာလည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ကပ်သွားပြီ. . . (မှန်ပါ) မကပ်သေးဘူးလား. . . (ကပ်ပါတယ်)။

ကဲ-ဒါဟာ ခင်ဗျားတို့ သန္တာန်မှာဖြစ်တဲ့ တဏှာကလေး ဆိုလိုက်ပါတော့ ဒါကလေးဟာ ဖြစ်ပြီးတော့ ဘာဖြစ်မယ်. . .

(ပျက်ပါမယ်) ပျက်သွားတော့ ဖြစ်သင့်လို့ မဟုတ်လားဗျာ . . . (မှန်ပါ့) ဝေဒနာကဖြစ်နိုင်လို့ ဖြစ်ခွင့်ပေးခဲ့လို့ ဖြစ်ရရှာတာ . . . (မှန်ပါ့) ကဲ ဝေဒနာက ဖြစ်ခိုင်းလို့ ဖြစ်ရတော့ အသက်တမ်းစေ့တော့ သူ့သက်တမ်းကလည်း ၁-ဆိုဖြစ်၊ ၂-ဆို သေရရှာတယ်။ ဒါဖြင့် ပျက်သင့်လို့လည်း (ပျက်ရပါတယ်) ဒါဖြင့် သူကဖြစ်ပျက်၊ ခင်ဗျားတို့က ရှုလိုက်တော့ (မှန်ပါဘုရား) ဝိပဿနာမဂ်သွားဖြစ်တယ်ဆိုတာ သေချာပလား. . . (သေချာပါပြီ)။

## ဖြစ်ပျက်ကြောင့်ဝိပဿနာမဂ်ဖြစ်

ဖြစ်ပျက် - ဝိပဿနာမဂ်ဖြစ်သွားတော့ ဝိပဿနာမဂ်ကို ဒကာ ဒကာမတို့ ဖြိုင်ဖြိုင်ကလေးရှုပေးလိုက်တော့ ဘာဖြစ်လာမယ်ထင်သတုံး. . . ရင့်မလာဘူးလား. . . (ရင့်လာပါတယ်) ရင့်လာသည်နဲ့ တစ်ပြိုင်နက်တည်း ဒကာ ဒကာမတို့ ဒီမဂ်က ဘယ်မဂ်ကို ကျေးဇူးပြုမှာတုံး. . . (လောကုတ္တရာမဂ်ကို ကျေးဇူးပြုပါတယ်) လောကုတ္တရာမဂ်ကို ကျေးဇူးပြုမယ်ဆိုတော့ ဒီဝိပဿနာမဂ်မရဘဲနဲ့ လောကုတ္တရာမဂ် ရပ့်မလား. . . (မရနိုင်ပါဘူး) မရနိုင်တော့ ဩော်. . . ဒီဖြစ်ပျက်ကြောင့် ဒီမဂ်ဖြစ်တယ်၊ ဒီမဂ်ကြောင့် ဒီမဂ်ဖြစ်တယ် . . . (မှန်ပါ) ပေါ်ကြပလား . . ; (ပေါ်ပါပြီ)။

## ဝိပဿနာမဂ်ကြောင့် လောကုတ္တရာမဂ်ဖြစ်

ဒီဖြစ်ပျက်ကြောင့် ဝိပဿနာမဂ်ဖြစ်တယ်၊ ဝိပဿနာမဂ်ကြောင့်. . . (လောကုတ္တရာမဂ်ဖြစ်တယ်) လောကုတ္တရာမဂ်ဆိုတော့ ဒီအစီအစဉ်မျိုးကို ခင်ဗျားတို့ ပိုင်ပိုင်နိုင်နိုင်ကြီး သြော် ဒိဋ္ဌိခွာပြီးရှုလို့ရှိရင် အနီးကလေးပါလား. . . ဒီဘက်က နိဗ္ဗာန်မြင်တဲ့ မဂ်, ဒီမဂ်က ဖြစ်ပျက်မြင်တဲ့ မဂ်, သဘောကျပလား. . . (ကျပါပြီ)။ ဝိပဿနာ မဂ်ဘာမြင်သတုံး. . . (ဖြစ်ပျက်မြင်ပါတယ်) သူက ကျေးဇူးပြုလိုက်တော့ လောကုတ္တရာမဂ်ပေါ်တော့ လောကုတ္တရာမဂ်က ဘာမြင်သတုံး. . . (နိဗ္ဗာန်မြင်ပါတယ်) နိဗ္ဗာန်မြင်တယ်ဆိုတော့ လောကုတ္တရာမဂ်ဖြစ်နေပြီ. . . (မှန်ပါ) ရှင်းပလား. . . (ရှင်းပါပြီ)။

## အင်မတန်ကံထူးတဲ့နေ့

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ယနေ့ကံထူးတယ်၊ အင်မတန်ထူးတဲ့နေ့ပဲဆိုတာ ပေါ်လာကြပလား. . . (ပေါ်လာပါပြီ)။

ဒါ့ကြောင့် ဒကာ ဒကာမတွေ ဒီဖြစ်ပျက်ကို မမေ့စေနဲ့။ အဖြစ်မြင်လို့ရှိရင် ဘာစင်သတဲ့တုံး. . . (ဥစ္ဆေဒစင်ပါတယ်) အပျက်မြင်ရင် (သဿတစင်ပါတယ်) ခိုင်တယ်၊ မြဲတယ် မဟုတ်ဘူးဆိုတာ မသေချာဘူးလားဗျား. . . (သေချာပါတယ်

ဘုရား) ဒါမိမိခန္ဓာလား သူတစ်ပါး ခန္ဓာလား. . . (မိမိခန္ဓာပါ) မိမိခန္ဓာမှာ ဒါပဲရှိတယ်ဆိုတာ မသေမချင်းမှတ်ထားပါ. . . (မှန်ပါ)။

## ခန္ဓာမှာဖြစ်ပျက်ပဲရှိတယ်

မိမိခန္ဓာမှာ ဘယ်စိတ်ပေါ်ပေါ် ဖြစ်ပျက်ပဲရှိတယ်၊ ယောက်ျားမပါဘူး မိန်းမမပါဘူး (မှန်ပါ) သက္ကာယလည်း ခွာပြီးသား သဿတ ဥစ္ဆေဒလည်း ခွာပြီးသား ရှင်းပြီးသားနော် . . . (မှန်ပါ) ကျေနပ်ကြပလား. . . (ကျေနပ်ပါပြီ)။

အဲဒီတော့ ဒါမပါဘဲနဲ့ ရှုနေတဲ့အတွက် မဂ်ဖိုလ်မရနိုင်ဘဲ ဖြစ်နေတဲ့ဝတ္ထုကို ထုတ်ပြတော့မယ်. . . (မှန်ပါ) ဒီလိုရှုနေတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သူတုံးဆိုတော့ ဖွားဘက်တော်ရှင် ဆန္နမထေရ်ပဲ. . . (မှန်ပါ)။

## ရှင်ဆန္န

ရှင်ဆန္နဟာ နည်းတဲ့ နှစ်မဟုတ်ဘူးနော်. . . ၄၄ နှစ် ၄၅ နှစ်ကြီး ဝိပဿနာရှုနေတယ်. . . (မှန်ပါ) ဖြစ်ပျက်တော့ သူမြင်တယ် ဉာဏ်ထဲမှာ သဿတ မခွာတတ်ဘူး. . . (မှန်ပါ) ဥစ္ဆေဒရော. . . (မခွာတတ်ပါဘူး) အဲဒါကြောင့် ဘယ်လောက်ကြာသွားသတုံး. . . (၄၅ နှစ်ပါဘုရား)။

အဲ. . . ဘုရားပွင့်လာတော့ သုဗ္ဗေါဒနမင်းကြီးက သူ့ကို အရင်လွှတ်လိုက်တာပဲ. . . သူပါသက်န်းဝတ်နေတာပဲ ဆိုတာကော မသေချာဘူးလား. . . (သေချာပါတယ်) အဲဒါတွေ ထောက်ကြည့်တော့ တစ်သက်လုံးလုပ်နေတဲ့ ပုဂ္ဂိုလ် ၄၅ နှစ်လောက်ရှုနေတဲ့ ပုဂ္ဂိုလ်ဆိုရင်ကော ငြင်းဖို့လိုသေးသလား . . . (မလိုပါဘူး)။

## နှစ်ပေါင်း (၄၀) ကျော်ဝိပဿနာလုပ်နေတယ်

ဝိပဿနာလုပ်နေပါလျက်နဲ့ ဘုရားပရိနိဗ္ဗာန်စံသွားတောင် ဘာဖြစ်လို့မရပါလိမ့်မတုံး. . . (သဿတဥစ္ဆေဒမခွာတတ်လို့ပါ)။ သဿတဥစ္ဆေဒမခွာတတ်ဘူး၊ ဖြစ်ပျက် ဖြစ်မည့် တရားပေါ်မှာ သဿတဥစ္ဆေဒမခွာတတ်ဘူး. . . (မှန်ပါ) ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)။

ဘယ်ပေါ်မှာ မခွာတတ်တာပါလိမ့်. . . (ဖြစ်ပျက်ဖြစ်မည့်တရားပေါ်မှာ မခွာတတ်တာပါ) အေး. . . ခန္ဓာပဋိစ္စသမုပ္ပါဒ်အပေါ်မှာ မခွာတတ်တာ. . . (မှန်ပါ) ရှင်းကြပလား . . . (ရှင်းပါပြီ)။

## ဒိဋ္ဌိမခွာတတ်လို့ နိဗ္ဗာန်မရ

ခန္ဓာပဋိစ္စသမုပ္ပါဒ်အပေါ်မှာ မခွာတတ်တဲ့အတွက် သူ့မှာ ဘာငြိနေသတုံး. . . (သဿတဥစ္ဆေဒငြိနေပါတယ်) သဿတဥစ္ဆေဒငြိနေတဲ့အတွက် နှစ်ပေါင်းဘယ်လောက်ကြာသွားသတုံး . . . (၄၅နှစ်ပါဘုရား)။

ကဲ. . . ဦးဇံရင် ကိုမြရွှေတို့ မနစ်နာဘူးလား. . . (နစ်နာပါတယ်) နောက်က ဒကာ ဒကာမတွေ . . . (နစ်နာပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာ အခုမနစ်နာရအောင် ဖြစ်ပျက်ဝိပဿနာမဂ် (မှန်ပါ) ဝိပဿနာမဂ် - လောကုတ္တရာမဂ်။ ကဲ . . . ဝေးသေးသလား . . . (မဝေးပါဘူး) မဝေးသေးဘဲနဲ့ ဘယ့်နှယ်ကြောင့် မရောက်ပါလိမ့်မတုံးဆိုတော့ မလုပ်တာ တော့ မတတ်နိုင်ဘူးပေါ့ဗျာ. . . (မှန်ပါ) ရိပ်မိပလား. . . (ရိပ်မိ ပါပြီ)။

မဝေးဘဲနဲ့ ဘယ့်နှယ်ကြောင့် မရပါလိမ့်မတုံးဆိုတော့ ဘယ်နှယ်တုံး. . . (မလုပ်လို့ပါဘုရား) မလုပ်လို့မရတာ. . . (မှန်ပါ)။

## အချောင်ကအင်မတန်လိုချင်တယ်

ဒကာ ဒကာမတွေကလည်း အချောင်က အင်မတန်လိုချင်တယ်၊ ဘုရားရှေ့သွားပြီး နိဗ္ဗာန်မင်ဖိုလ် ရရပါလို၏ဘုရားလို့ ဆုတောင်းရုံတောင်းနေကြတာပဲ. . . (မှန်ပါ)။

ဘုရားက မင်္ဂဉာဏ် ဖိုလ်ဉာဏ်ကို ရော့ဟဲ့ အင့်ဟဲ့လို့ ပေးနိုင်တာမဟုတ်ဘူး၊ နည်းလမ်းကိုသာ ပေးနိုင်တယ်၊ ကိုယ့်ဟာကိုယ်အားထုတ်လုပ်ကိုင်ယူရတယ်၊ သဘောကျပလား . . . (ကျပါပြီ) နည်းသာပေးနိုင်တယ်၊ ကိုယ့်ဟာကိုယ်လုပ်ယူကြ. . . (မှန်ပါ) ရှင်းပလား. . . (ရှင်းပါပြီ)။

ဘုရားက ဘာပေးသတုံး. . . (နည်းသာပေးပါတယ်ဘုရား) နည်းသာပေးနိုင်တယ်၊ ရဖို့တော့ ကိုယ့်စွမ်းရည်နဲ့ လုပ်ယူရမှာ. . . (မှန်ပါ)၊ ဘုရားက နည်းပေးသမား၊ ကိုယ်က ကိုယ့်စွမ်းရည်နဲ့ လုပ်ယူသမား၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## နိဗ္ဗာန်ရဖို့ကိုယ့်စွမ်းရည်နဲ့လုပ်ရမှာ

အဲဒီတော့ ခင်ဗျားတို့ နည်းလည်းတောင်းရမှာ အမှန်ပါဘဲ၊ ကိုယ့်စွမ်းရည်နဲ့ ယူရမှာလည်း ကေန်ပါပဲ. . .၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ကိုင်း-ဒါဖြင့် ရှင်ဆန္နဝတ္တုကို ဆက်ကြစို့ ဦးခင်မောင်ရေ . . . (မှန်ပါ) အခုကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား) ဖြစ်ပျက်. . . ဘာမင်္ဂလာမလဲ. . . (ဝိပဿနာမင်္ဂပါ) ဝိပဿနာမင်္ဂပြီးရင် . . . (လောကုတ္တရာမင်္ဂပါဘုရား) သဿတဥစ္ဆေဒခွာပြီးရင် ကိစ္စပြီးတာပဲဆိုတာ သေချာပလား. . . (သေချာပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ရှင်ဆန္ဒအကြောင်းကို ထုတ်ပြလိုက်မှပဲ. . . ဩော်. . . တို့သည်ကားလို့ဆိုရင် ယခုအချိန်မှာ အတော်ကလေးခရီးရောက်နေပါပေါ့လား. . . (မှန်ပါ) အခုရှေးဦးစွာ ခွာပေးတယ်ဆိုတာ ဦးခင်မောင် မသေချာလားဗျာ (သေချာပါတယ်ဘုရား) ခန္ဓာပဋိစ္စသမုပ္ပါဒ်မှာ သဿတဥစ္ဆေဒ ခွာပေးတယ်ဆိုတာ ကျေနပ်ကြပလား. . . (ကျေနပ်ပါပြီ)။

ဘုရားပရိနိဗ္ဗာန်စံပြီးသည့်နောက် ရှင်ဆန္ဒဟာ ဇေတဝန်ကျောင်းမှာပဲနေတယ်၊ သူ့ကိုဗြဟ္မဒဏ်ပေးထားလို့ စကားပြောမည့် သူကမရှိတော့ သူ့ကျောင်းကလေးသူ တံခါးပိတ်ပြီး သကာလ လျှောက်ပြီး တရားတောင်းတယ်၊ အရှင်ဘုရားတို့ တပည့်တော်ကို ဆုံးမကြပါဦး ကံမြစ်ကြပါဦး တရားဓမ္မလည်း ပေးကြပါဦးဘုရား. . . နို့မဟုတ်လို့ရှိရင် တပည့်တော်ဘာမှ ကျေးဇူးများတော့မှာ မဟုတ်ဘူး ကျောင်းစဉ်လျှောက်ပြီး တောင်းပန်လျှောက်ထားရတယ်. . . (မှန်ပါ) သူ့ကို ဆုံးမပါဦးတဲ့. . . ကံမြစ်ကြပါဦး. . . တရားနည်းပေးကြပါဦး. . .၊ တောင်းတော့ ရဟန်းတွေက. . . အရှင်ဆန္ဒ. . . ခန္ဓာငါးပါးရှိတယ်၊ ရုပ်တရားဟာ အနိစ္စ၊ ဝေဒနာအနိစ္စ၊ သညာ အနိစ္စ၊ သင်္ခါရအနိစ္စ၊ ဝိညာဏ်အနိစ္စတို့ကို ပြောရင် သဗ္ဗေသင်္ခါရာ အနိစ္စ၊ သင်္ခါရတရားမှန်သမျှ အကုန်အနိစ္စချည်းပဲ. . .၊ သဗ္ဗေ ဓမ္မာအနတ္တာ၊ အကုန်လုံးတရားမှန်သမျှ အနတ္တာ၊ နိဗ္ဗာန်တောင် အနတ္တာ. . . ဒီအဓိပ္ပါယ်တွေ ဟောလိုက်တယ်. . . (မှန်ပါ)။

ဟောလိုက်ပေမယ့် သူ့စိတ်ထဲမှာ အိုး. . . ဒါလောက်တော့ အားထုတ်နေတာ ကြာလှပြီ. . . ဒီလိုအားထုတ်နေတာ ကြာလှပါပြီတဲ့. . . (မှန်ပါ)။

## ဖြစ်ပျက်ချုပ်တဲ့နိဗ္ဗာန်တစ်ခါမျှ မမြင်ဘူး

ဒကာ ဒကာမတို့ ဒီအနိစ္စမျိုး ဒီအနတ္တမျိုး သဗ္ဗေမမှာ အနတ္တမျိုး သူအားထုတ်နေတာ ကြာလှပါပြီတဲ့. . . (မှန်ပါ)။ ဒကာ ဒကာမတို့ သူဟာ အားလည်း ထုတ်တယ်နော်. . . (မှန်ပါ) ကြာကော မကြာဘူးလား. . . (ကြာပါပြီဘုရား) ဘုရားဖြစ်စက အားထုတ်တာများ ဘုရားပရိနိဗ္ဗာန် စံပြီးတော့ ဆိုတော့ မောင်ထွန်းလှိုင် မကြာသေးဘူးလား. . . (ကြာပါတယ် ဘုရား)၊ အဲဒီတော့ သူအားထုတ်လာတာ ဒီဥစ္စာတွေ ကြာလှပါပြီတဲ့ . . . (မှန်ပါ) ကြာပင်ကြာငြားတော်လည်း အခု ကိုယ်တော်တွေ ဟောတဲ့တရားမျိုးကို သဗ္ဗေသင်္ခါရာအနိစ္စတွေ သဗ္ဗေဓမ္မာအနတ္တတွေကို သူအားထုတ်ပြီးတော့ ကြည့်တယ်တဲ့ . . . (မှန်ပါ) ဟောဒီသင်္ခါရ ဖြစ်ပျက်ဟာ သင်္ခါရနော်. . . (မှန်ပါ) သင်္ခါရချုပ်သွားတဲ့ နိဗ္ဗာန်ကို တစ်ခါမှ မမြင်ဘူးတဲ့ . . . (မှန်ပါ) သဘောကျပလား. . . (ကျပါပြီ)။

ဖြစ်ပျက်ချုပ်တဲ့ နိဗ္ဗာန်ကို . . . (တစ်ခါမှ မမြင်ဖူးဘူးတဲ့) ခန္ဓာချုပ်တဲ့နိဗ္ဗာန်ကို. . . (တစ်ခါမှမမြင်ဖူးဘူးတဲ့)။

အဲဒီတော့ ဖြစ်ပျက်ချုပ်တဲ့နိဗ္ဗာန်၊ ခန္ဓာချုပ်တဲ့နိဗ္ဗာန်၊ သင်္ခါရချုပ်တဲ့နိဗ္ဗာန်၊ တဏှာကုန်တဲ့နိဗ္ဗာန် ဘယ်တော့မှ မဖြစ်ပါဘူးဘုရားတဲ့ သူဟာ. . . (မှန်ပါ့) ဒီကိုယ်တော်တွေ ဟောနည်းအတိုင်း သူရှုပါတယ်တဲ့၊ ရှုပင်ရှုငြားလည်း မြင်ကို မမြင်ဘူး။

မမြင်ဘူးတဲ့။ သင်္ခါရတရားတွေကို သူရှုပါတယ်တဲ့။ ရှုပင်ရှုငြားသော်လည်း သင်္ခါရချုပ်မှ နိဗ္ဗာန် ခန္ဓာချုပ်မှ နိဗ္ဗာန် . . . အဲဒီဆီရောက်အောင် သူတခါမှ မမြင်ဖူးပါဘူးတဲ့. . . (မှန်ပါ)။

## ထိတ်လန့်တဲ့သဘောဖြစ်တယ်

မမြင်ဘူးတဲ့အပြင် သူမှာ ဘယ့်နှယ့်ဖြစ်လာသတုံး ဆိုလို့ရှိရင်၊ ဒီရှုလိုက်တဲ့ အခါကျလို့ရှိရင် ထိတ်လန့်တဲ့သဘောလည်း သူမှာ လာလာဖြစ်တယ်။ ထိတ်လန့်တဲ့သဘော လာလာဖြစ်တယ်တဲ့နော်. . . (မှန်ပါ)။ စွဲလမ်းတဲ့သဘောလည်း လာလာဖြစ်တယ်တဲ့. . . (မှန်ပါ)။ ဘယ်နှစ်ချက်ဖြစ်သတုံး. . . (နှစ်ချက်ဖြစ်ပါတယ်)။

ထိတ်လန့်တဲ့သဘောလည်း. . . (ဖြစ်ပါတယ်) စွဲလမ်းတဲ့သဘောလည်း. . . (ဖြစ်ပါတယ်ဘုရား)။

## ငါဘာကို အားကိုးရမှာတုံး

ထိတ်လန့်တဲ့ သဘောက ဖျတ်ဆိုခြော်. . . ဒါကလေး ဟာ အနတ္တပါကလားလို့ သူက ဝိပဿနာမင်္ဂနဲ့ ရှုလိုက်လို့ရှိ ရင်တစ်ခါတည်းထိတ်လန့်သွားတာပဲ၊ ငါ့မှာ အားကိုးရာမရှိတော့ ဘူးဆိုပြီးလန့် လန့်သွားတယ် (မှန်ပါ) ဒီအထဲမှာ အကုန် အနတ္တ ဆိုတော့ ငါဘာကို အားကိုးရမတုံးဆိုတာကလေးက ပေါ်ပေါ် လာတယ်. . . (မှန်ပါ့) အဲဒီမှာ လန့်လန့်သွားတယ် (မှန်ပါ့) ရိပ်မိ ပလား. . . (ရိပ်မိပါပြီ)။

အနတ္တလို့ရှုလိုက်ရင် သူ့စိတ်ထဲမှာ ဘယ်လိုဖြစ်သွား သတုံး. . . (လန့်လန့်သွားပါတယ်ဘုရား)။ သစ်ပင်ပေါ်က ဝုန်းခနဲ ကျသွားသလို သူ့စိတ်ထဲမှာ ဖိုဖိုသွားတာ (မှန်ပါ) သူ့စိတ်ထဲမှာ ဖိုဖိုသွားလို့ အားကိုးရာမဲ့ ဖြစ်ပြီဆိုပြီး သကာလ ဖိုဖိုသွားသတဲ့. . . (မှန်ပါ) ပျက်သွားတာမြင်လိုက် သူ့စိတ်ထဲ မှာ မင်္ဂမရတဲ့အပြင် ဖိုဖိုသွားတာသာလာတယ်နော်. . . (မှန်ပါ) ဖိုသွားတယ်ဆိုတာက သစ်ပင်ပေါ်ကကျသလို ကမ်းပါးပြတ်ကြီး က ကျသလို ဖြစ်သွားတယ် (မှန်ပါ) ရှင်းကြပလား. . . (ရှင်းပါ ပြီဘုရား)။

ပြီးတော့ စိတ်ထဲမှာ ဒီဟာကအနတ္တဆိုလို့ရှိရင် ဘယ်ဟာအားကိုးရပါ့မလဲဆိုတဲ့ ဥပါဒါန်ကလည်း တစ်ခါပြန် လာသေးတယ်. . . (မှန်ပါ) လန့်တာက တစ်မျိုးဥပါဒါန်က

တစ်မျိုးနှစ်မျိုးလာတယ်တဲ့. . . (မှန်ပါ) ဒီကိုယ်တော်တွေ ဟော တဲ့နည်းကို အနိစ္စအနတ္တလို့ ရှုတာ (မှန်ပါ) အံမာလေး သူကလည်း စွဲချက်တင်တာ မသေးလှပါလား. . . (မှန်ပါ)။

ဒကာ ဒကာမတို့. . . ဘယ်နှစ်ချက်တင်လိုက်သလဲ . . . (နှစ်ချက်တင်ပါတယ်ဘုရား) ဒီကိုယ်တော်တွေဟောတဲ့ အတိုင်းတဲ့။ အနိစ္စ အနတ္တတွေ ရှုလိုက်တော့ ဘာမှမရှိတော့ပါ ကလားဆိုပြီး ဘာမှအားကိုးရာ မရှိပါကလားဆိုပြီး ဖိုသွားတာပဲ တဲ့. . . (မှန်ပါ) သဘောကျပလား. . . (ကျပါပြီ)။

## စွဲလမ်းတဲ့စိတ်ပေါ်လာတယ်

ဒါဖြင့် နောက်ထပ်ဘာများအားကိုး အားထားလုပ်ရ ပါမတုံးတဲ့ စွဲလမ်းတဲ့ စိတ်ကလည်း ပြန်ပေါ်လာတာပဲတဲ့ (မှန်ပါ ဘုရား) ဒါဖြင့် ကြောက်လန့်တာနဲ့ စွဲလမ်းတာတောင် ပိုသေး တယ်တဲ့။ နိဗ္ဗာန်တောင် မမြင်တဲ့အပြင် (မှန်ပါ) ကဲ. . . ဒါ ဘာဖြစ်တယ်ဆိုတာ ခင်ဗျားတို့ သိရောပေါ့ဗျာ. . . (မှန်ပါ) ဘာကြောင့် ဒီကြောက်လန့်တာနဲ့ စွဲလမ်းတာ ပြန်လာတာတုံး . . . (သဿတဥစ္ဆေဒ ခွဲပြီးမရှုလို့ပါ) ရိပ်မိပလား. . . (ရိပ်မိ ပါပြီ)။

ဘယ်လောက်နစ်နာသွားသလဲ. . . (မှန်ပါဘုရား)။ သူရှုကြည့်တယ်တဲ့။ (မှန်ပါ) အလုံးစုံသော သင်္ခါရတွေ အနိစ္စ၊ အလုံးစုံသော တရားတွေ အနတ္တ၊ တစ်ခုတည်းလည်း အနိစ္စ၊

တစ်ခုတည်းလည်း အနတ္တရှုကြည့်တာပဲတဲ့။ ရှုကြည့်ငြားလို့ရှိရင် ဪ. . . ဖျတ်ဆို ဒါတွေကချုပ်သွားရင် ဘာအားကိုးရပါမလဲ ဖိုလှိုက် ဖိုလှိုက်အားကိုးရာ မရှိဘူးဆိုပြီးသကာလ ပြန်ပြီး စွဲလမ်းတဲ့ သဘော ဥပါဒါန်က လာလိုက်။ သဘောကျပလား . . . (ကျပါပြီ) ပရိတဿနာစ ဥပါဒါနာစဥပ္ပဇ္ဇတိတဲ့။ ပရိတဿနာစ တောင့်တခြင်းသည်လည်းကောင်း၊ ဥပါဒါနာစ စွဲလမ်းခြင်းသည်လည်းကောင်း၊ ဥပ္ပဇ္ဇတိဖြစ်လာ၏တဲ့ (မှန်ပါ) သူ့မှာဒါတွေချည်းဖြစ်နေတယ်. . . (မှန်ပါ) ရှုလိုက် ဒါနှစ်ခုဖြစ် လာတာပဲ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

## ဘယ့်နှယ်ကြောင့်ဒီလိုဖြစ်ရပါလိမ့်

ရှုလိုက်တော့ ဘာနဲ့ဖြစ်လာသတုံး. . . (ထိတ်လန့်တာ နဲ့စွဲလမ်းတာလာပါတယ်) ဘယ့်နှယ်ကြောင့် ဒီလိုလာရပါလိမ့် မတုံးလို့ သူ့ဟာသူတွေးကြည့်တဲ့အခါမှာလည်း ဒကာ ဒကာမ တို့ အကုန်အနတ္တဆိုရင် ဘာအားကိုးမတုံးတဲ့. . . (မှန်ပါ)။

ကျုပ်တို့အိမ်မှာ လူမိုက်ချည့်ပဲဆိုရင် ဘာအားကိုးရမှာ တုံးလို့ ဒကာ ဒကာမတွေကော မသုံးဘူးလား. . . (သုံးပါတယ်) သားကလေးကြည့်လိုက်ပြန်လည်း တေလေ၊ သမီးလေးကြည့် လိုက်ပြန်လည်း အချိုးမကျ။ ဒို့အိမ်မှား ဘာအားကိုးရမှန်း မသိဘူးဆိုတာ မလာပေဘူးလား. . . (လာပါတယ်ဘုရား)

အဲဒီလို ဖြစ်လာတယ် သူ့စိတ်ထဲမှာ (မှန်ပါ) ခန္ဓာငါးပါး ဘယ်ဟာ မဆို အားကိုးစရာမရှိဘူး အနတ္တချည်းလို့ ကိုယ်တော်တို့ ဟောတဲ့အတိုင်း တပည့်တော်ရှုလိုက်တဲ့အခါကျတော့ ဘာအား ကိုးရမတုံးဆိုတာ တပည့်တော်မှာ လာတာပဲ. . . တဲ့ (မှန်ပါ) ဒါလေး ပျောက်သွားတဲ့အခါကျတော့ ဖိုခနဲ ဖိုခနဲဖြစ်သွားတယ် တဲ့ ထိတ်လန့်တဲ့ သဘောချည်းပဲ ဖြစ်သွားတယ်. . . (မှန်ပါ)။ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

## အန္တရာယ်တောင်ဝင်နေသေးတယ်

ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်မမြင်တဲ့အပြင် သူ့မှာ အန္တရာယ်တောင်ဝင်နေသေးတယ်. . . (မှန်ပါ) ဘယ်နှစ်နှစ် ကြာသွားသတုံး. . . (၄၅ နှစ်ပါဘုရား)။ ကြောက်စရာကြီးပါ လား. . . (မှန်ပါဘုရား)။

သူရှုတဲ့ တရားလေးတွေက ဖျတ်ခနဲ ကိုယ့်စိတ် ဉာဏ်ရှေ့မှာ ပေါ်လိုက်ပျောက်သွားလိုက်၊ ဩော်. . . အနတ္တ ဆိုတာပျောက်သွားပြီဆိုတော့ သူ့ခန္ဓာတွေက အနတ္တရယ်လို့ လည်း ပျောက်သွားပါရော၊ ဒကာ ဒကာမတို့ တစ်ခါတည်း အမြင့်ကနေပြီး ချောက်ထဲကျသလိုဖြစ်သွားတယ်။ ဖိုခနဲ မသွား ပေဘူးလား. . . (သွားပါတယ်) ဘာများအားကိုးရမှာတုံးဆိုတာ ကော နောက်ထပ်လှည့်မလာပေဘူးလား. . . (လှည့်လာ ပါတယ်)။

ကဲ. . . ဦးခင်မောင်ရေ ခုနင်က သခ်ီါရချုပ်တဲ့ နိဗ္ဗာန်၊ ဥပဒါန်ချုပ်တဲ့ နိဗ္ဗာန်မမြင်တဲ့ အပြင်မှာ၊ ဖိုသွားတာရယ် စွဲလမ်းမှုပြန်လာတာရယ် ဒါတွေတောင် လာလိုက်သေးတယ်တဲ့. . . (မှန်ပါ) သဘောကျပလား. . . (ကျပါပြီဘုရား)။ ဘယ့်နှယ်ကြောင့် သူ့မှာ ဒီလိုချည်းဖြစ်နေပါလိမ့်မတုံး. . . (သဿတ ဥစ္ဆေဒမဂ္ဂာလို့ပါ) ခုနင်က ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို နားမလည် ဘဲနဲ့ ရှုနေလို့တဲ့. . . (မှန်ပါ) ရှင်းပလား (ရှင်းပါပြီ)။

## သဿတ ဥစ္ဆေဒမဂ္ဂာလို့

ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို နားမလည်ဘဲနဲ့ ရှုနေတဲ့အတွက် ဒကာ ဒကာမတို့ သဿတ ဥစ္ဆေဒ မဂ္ဂာသောကြောင့် ဤကဲ့သို့ ဖြစ်ရပါတယ်. . . (မှန်ပါ) ပေါ်ကြပလား. . . (ပေါ်ပါပြီ) အင်မတန်အရေးကြီးတဲ့ စကားဆိုတာ ဦးခင်မောင် ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

ဝိပဿနာမှာ အရင်းကျကျ တစ်ခါတည်း လိုရင်းဆိုက်အောင်ပြောထားတဲ့ဥစ္စာ ဦးဇံရင်တို့ သိပလား (သိပါပြီဘုရား) သာမညရှုနေလို့ မဖြစ်သေးဘူးဆိုတာကော ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

နည်းကောင်း၊ နည်းမှန်တွေရှာပြီးမှ အမျိုးမျိုးရှင်းသင့်ရှင်းထိုက်တာတွေ ရှင်းပြီးမှ ဝိပဿနာဉာဏ်စခန်းဝင်မှသာလျှင်

လိုရာကိစ္စပြီးတော့မယ်ဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်) သဘောကျပလား. . . (ကျပါပြီ)။

## ကိုယ့်ဒုက္ခကိုမြန်မြန်သိမ်းတာကောင်းတယ်

အဲဒီတော့ ဒီလာတဲ့ ဒကာ ဒကာမတွေ ဘုန်းကြီးကြည်ညိုရင် တရားကြည်ညိုလို့ ဒီလိုလောက် သဘောမထားနဲ့။ တစ်ခါတည်း တို့နိဗ္ဗာန်မင်ဖိုလ်ရအောင်လို့ နည်းလမ်းကို အရယူပြီး သကာလ ကျင့်မလို့လာတာဟော့. . . (မှန်ပါ့) နည်းယူပြီး ကျင့်မလို့လာတာဆိုတဲ့ စိတ်ကို အမြဲတမ်းမွေးပါ။ (မှန်ပါ့) ကိုယ့်ဒုက္ခကိုယ်သိမ်းကာ ပျင်းစရာရှိကြရဲ့လား. . . (မရှိပါဘူး) မြန်မြန်သိမ်းတာနဲ့ နှေးနှေးသိမ်းတာ ဘယ်ဟာက ကောင်းသတုံး. . . (မြန်မြန်သိမ်းတာ ကောင်းပါတယ်) တစ်ခါတစ်ခါ လုပ်ရမှာပဲလို့ လုပ်ချင်သေးသလား. . . (မလုပ်ချင်ပါဘူး ဘုရား) တစ်ခါ တစ်ခါဆိုရင် ဒီအစကလေး ပျောက်သွားရင် ခက်သနော်. . . (မှန်ပါ့) ဘယ်တော့မှ မပေါ်လာတော့ဘူး . . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

အဲဒီတော့ တစ်ခါတစ်ခါလည်း စိတ်မကူးပါနဲ့ ကိုယ့်ဒုက္ခကိုယ်သိမ်းတာ အမြန်ဆုံး သိမ်းကြပါဆိုတာ ဒီကနေ တိုက်တွန်းရပြန်တယ်. . . (မှန်ပါ့) မတိုက်တွန်းသင့်ဘူးလား . . . (တိုက်တွန်းသင့်ပါတယ်)။

## ဒီတရားကို ကြိုက်ကြိုက်၊ မကြိုက်ကြိုက်၊ လုပ်သာလုပ်ပါ

အဲဒါခင်ဗျားတို့ကို ဘုန်းကြီးပြောချင်တဲ့ တစ်လုံးကတော့ ခင်ဗျားတို့ ဒီတရားကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လုပ်သာလုပ်ပါ။ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ ကြိုက်လည်း (လုပ်ရမှာပါဘဲ) မကြိုက်လည်း . . . (လုပ်ရမှာပဲ)။ ဘာဖြစ်လို့တုံး အမှန်အလုပ်ကိုဗျ. . . (မှန်ပါ့) အမှန်အလုပ်ဆိုရင် ကြိုက်ကြိုက် မကြိုက်ကြိုက် လုပ်ပါ။ တဏှာကတော့ ဒီအထဲမှာ ဒီအပြင်အလုပ်တွေက ရှိသေးတယ်။ ဒီအလုပ်က လုပ်သာလုပ်နေရတာ ဒီအပြင် အလုပ်တွေက မအားဘူး. . . ဆိုလည်း၊ အို. . . မအား အားအား. . . ဒီအလုပ်ကိုတော့ လုပ်သာလုပ်. . . (မှန်ပါ့ဘုရား) ရိပ်မိပလား . . . (ရိပ်မိပါပြီ)။ ဟိုဟာက ဒုက္ခပေးမည့်အလုပ်ကိုး။ ဒီဟာက ဒုက္ခသိမ်းမည့်အလုပ်ဆိုတော့ ခင်ဗျားတို့ ဝမ်းထဲက မကြိုက်လည်းလုပ် (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

## မကြိုက်လည်းလုပ်ရမှာပဲ

အဲ ခင်ဗျားတို့ ဝမ်းထဲက သံသရာကြီးကြောက်တဲ့ ပုဂ္ဂိုလ်ကျတော့လည်း ကြိုက်လိမ့်မယ် (မှန်ပါ့) ကြိုက်လည်း ဘာလုပ်ရမလဲ. . . (လုပ်ရမှာပါပဲ) သံသရာရှည်ချင်သေးတဲ့

ပုဂ္ဂိုလ်ကတော့ ကြိုက်ချင်မှ ကြိုက်မယ်။ မကြိုက်လည်း ဘာလုပ်ရမလဲ. . . (လုပ်ရမှာပါပဲ)။

အဲဒီတော့ ဒကာ ဒကာမတို့ ဆေးဟာ ဥပမာ ကလေး ငယ်ငယ်ကလေး ဆေးကျွေးတယ်ထားပါတော့။ သူက ဝမ်းချုပ်နေတယ်။ သူကြိုက်ကြိုက် မကြိုက်ကြိုက် ခွံ့သာခွံ့။ ဒါမှ သူ့ရောဂါသက်သာမယ်။ နို့မဟုတ် ဒီကလေး ကလေးသေသွားလိမ့်မယ်. . . (မှန်ပါ့) မသေပေဘူးလား. . . (သေပါတယ်ဘုရား) အဲဒီတော့ ကြိုက်လည်း ခွံ့ရမှာပဲ မကြိုက်လည်း ခွံ့ရမှာပဲ . . . (မှန်ပါ့)။

## အတင်းခွံ့နေတာ မှိတ်မျိုမှရမှာ

အဲ. . . ခင်ဗျားတို့ကိုလည်း အတင်းခွံ့နေတာပဲ. . . မှိတ်သာမျို. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီ) မှိတ်မျိုမှ ရမှာ နို့မဟုတ်ရင် မရကိုမရဘူး. . . (မှန်ပါ့)။

## ငိုလည်းတိုက်၊ မငိုလည်းတိုက်

ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ . . . ဒီဥစ္စာက တိုက်တွန်းနိုးဆော်ထားတာ။ ကလေးလို မမျိုချင်ဘဲနဲ့ ငိုနေမှာစိုးလို့နော်. . . (မှန်ပါ့) ငိုနေရင်တော့ ဒီကလေးဓါတ်ချုပ်တဲ့ ဝေဒနာနဲ့ သေတော့မယ်. . . (မှန်ပါ့) စမြင်းတွေဖြစ်ပြီး

မသေပေဘူးလား. . . (သေပါတယ်) အဲဒီတော့ အမေ၊ မိဘ လုပ်တဲ့ ပုဂ္ဂိုလ်က ဒီဆေးနဲ့ ဒီဥစ္စာနဲ့ တည့်မယ်ဆိုရင် ငိုလည်း တိုက်၊ မငိုလည်းတိုက်ပဲ. . . (မှန်ပါ့) အဲဒီလိုပဲ ခင်ဗျားတို့ကို လည်း ခင်ဗျားတို့ မကြိုက်လည်းလုပ် ကြိုက်လည်း. . . (လုပ် ရမှာပါပဲ) သံသရာကြောက်လို့ရှိရင်လုပ်။ သံသရာတော့ မကြောက်သေးဘူး သား၊ လင်ခင်ပွန်းနဲ့ ပျော်ဦးမယ်. . . ပျော် လည်း လုပ်သာလုပ်ပေး။ ဒီအလုပ်တော့ မလျှော့နဲ့ (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီ) ဒါမလုပ်ရင်တော့ မဖြစ်ဘူး ခင်ဗျားတို့က ကလေးလေးတွေလို ဖြစ်နေတာကိုး. . . (မှန်ပါ့)။

## အဘယရာဇကုမာရ်မင်းသား

ဒါက ဘုန်းကြီးက ပေးတဲ့ ဥပမာလို့ ဒကာ ဒကာမတွေ က မမှတ်ပါနဲ့။ ဒကာ ဒကာမတို့ ခင်ဗျားတို့မှာ ဘယ်လို ဖြစ်နေ သတုံးဆိုလို့ရှိရင်၊ အဘယရာဇကုမာရ်မင်းသားကလေးက လျှောက်တဲ့ အခါကျတော့၊ အရှင်ဘုရားက သူတစ်ပါး မကြိုက်တာကိုပဲ ဟောလေ့ပြောလေ့ရှိတယ်လို့ ကြားရပါတယ် တဲ့. . . (မှန်ပါ့)။ အေးကွာ. . . သူတစ်ပါးမကြိုက်တာကိုလည်း ငါပြောလေ့ဆိုလေ့ရှိတယ်ဆိုတာ ဒီလိုကွ . . . သနားလို့ ပြောတာပါတဲ့. . . (မှန်ပါ့)။

## သနားလို့ပြောတာ

ဦးခင်မောင် ဘာဖြစ်လို့ ပြောတာပါလိမ့်. . . (သနားလို့ ပြောတာပါဘုရား)။

ဥပမာကွာ မင်းမှာ လေးဘက်သွားတဲ့ ကလေးကလေး တစ်ယောက်ရှိတယ်. . . (မှန်ပါ့) လေးဘက်သွားတဲ့ အခါကျ တော့ ကလေးကလေးဟာ ဒကာ ဒကာမတွေ ဟိုမှာရွရွ ဒီမှာ ရွရွနဲ့ မသွားဘူးလားဗျား. . . (သွားပါတယ်ဘုရား) ဟိုနားက ကျောက်ခဲကလေးတွေလည်း ပါးစပ်ထဲထည့်တာပဲ. . .။ မထည့်ဘူးလား. . . (ထည့်ပါတယ်) တုတ်ချောင်းကလေးတွေ ကော. . . (ထည့်ပါတယ်)။

ထည့်တဲ့အခါကျတော့ အမေမိဘက မေ့နေတုန်း သူက ထည့်ငြားသော်လည်း ပါးစပ်ထဲရောက်တဲ့အချိန်ကျလို့ရှိရင်၊ ဘယ်လက်မောင်းနဲ့ ပွေ့ပြီ၊ ညာဘက်က လက်ညှိုးနဲ့ လက်မနဲ့ ကွေးပြီးသကာလ သူ့ပါးစပ်ထဲ အတင်းနှိုက်ပြီး၊ သူငိုပေမဲ့လည်း အတင်း ထုတ်ပစ်ရမယ်. . . (မှန်ပါ့) ဘာဖြစ်လို့တုံး သေသွားမှာ စိုးလို့. . . (မှန်ပါ)။ ထွက်သက်ဝင်သက်ပိတ်ပြီး တော့ သေသွားမှာပေါ့. . . (မှန်ပါ့)။

## ကြိုက်ကြိုက်မကြိုက်ကြိုက်ပြောရမှာပဲ

အဲဒီတော့ ငါဘုရားလည်း မှန်တဲ့တရားကို သူများ

ကြိုက်လည်း ပြောရမှာပဲကွတဲ့ မကြိုက်လည်းပြောရမှာပဲ (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးကလည်း ခင်ဗျားတို့ မလုပ်ချင်လို့ ပျင်းလို့ ငိုနေတာကို ဘုန်းကြီးက ဂရုစိုက်နေမယ်လို့ အောက်မေ့ မနေနဲ့။ လုပ်သာလုပ်ပါ။ (မှန်ပါ့) မလုပ်လို့ရှိရင်တော့ ဩော် ကလေးမိုက် မိုက်နေတယ်လို့သာ အောက်မေ့ပေတော့ (မှန်ပါ)။

ခင်ဗျားတို့ မျိုနေတာကတော့ သားကလေးခင်တဲ့စိတ် ကို တွေးလုံးနဲ့မျိုနေတယ် (မှန်ပါ့) သမီးကလေး နေရာချထား ရေးကို တွေးလုံးနဲ့မျိုနေတယ်။ ခင်ဗျားတို့မျိုတာ တုတ်ချောင်း ချည်းပဲ။ သေပါလိမ့်မယ် . . . (မှန်ပါ့) ရိပ်မိပါလား . . . (ရိပ်မိပါပြီ)။

အဲဒါတွေ မမျိုကြပါနဲ့ဗျ။ ထုတ်ပစ်ရတယ် ဒါတွေကို (မှန်ပါ့) တဏှာဥပါဒါန်ကံ ဇာတိဇရာ မရဏဆိုတော့ ဒကာ ဒကာမတို့ အပါယ်လေးပါး မရောက်သေးဘူးလား . . . (ရောက်ပါတယ်)။

## မင်းတို့ဟာတွေမျိုမနေနဲ့ ဒါကိုရှု

အဲ . . . ဒါတွေမျိုတဲ့ အခါကျတော့ ဘုရားက ဒါရှု ဒါရှု မင်းတို့ဟာတွေမျိုမနေနဲ့။ မပြောရပေဘူးလား . . . (ပြောရပါတယ်ဘုရား)

ကဲ ဒါဖြင့် ခင်ဗျားတို့ဟာ ဘာနဲ့တူသတုံးမေးရင် ဘယ့်နှယ်ဖြေကြမလဲ . . . (ကလေးနဲ့တူနေပါတယ်ဘုရား) ကလေးပေမယ့် ဒိုင်းဒိုင်းပြေးတတ်တဲ့ ကလေးလား လေးဘက်သွားလား . . . (လေးဘက်သွားပါဘုရား) ကလေးတောင်မှ လေးဘက်သွားရှိသေးတယ်။ ဒိုင်းဒိုင်းပြေးဆိုရင် တော်တော်လိမ်မာပြီ. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

## ဖြစ်ပျက်ရှုတဲ့ဉာဏ်ကိုမျိုထားပါ

ဒါဖြင့် ခင်ဗျားတို့ လေးဘက်သွားဆိုရင်ဖြင့် ခင်ဗျား တို့ သေကြောင်းကြံတဲ့ ပစ္စည်းသာမျိုနေတာ (မှန်ပါ့) သေရမည့် ပစ္စည်းသာ. . . (မျိုပါတယ်ဘုရား) အဲ. . . မျိုချင် လို့ရှိရင်ဖြစ်ပျက်ရှုတဲ့ ဉာဏ်ကိုမျိုထားပါ. . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဘာမျိုရမလဲ. . . (ဖြစ်ပျက်ရှုတဲ့ ဉာဏ်ကို မျိုရပါတယ်ဘုရား) သားကလေးစိတ်ကူးပြီးတော့ မျိုချမနေနဲ့။ သမီးကလေးစိတ်ကူးပြီးတော့ (မျိုချမနေနဲ့) ပစ္စည်းကလေး ရှာတာစိတ်ကူးပြီးတော့ . . . (မမျိုပါနဲ့) အဲဒါတွေ မျိုချနေလို့ရှိရင်ဖြင့် သားကြောင့် ဆိုလို့ရှိရင်ဖြင့် ဒုက္ခဒေါမနဿ ဥပါယာသ ဇာတိဇရာမရဏ ဦးခင်မောင် မသွားပေဘူးလား . . . (သွားပါတယ်) သမီးကြောင့် ဆိုတော့ သောကပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာ

သ ဇာတိ ဇရာမရဏ မလာပေဘူးလား . . . (လာပါတယ်) ရှင်းပြီးနော် (ရှင်းပါပြီ)။

အဲဒီတော့ ဟိုဟာတွေ မျိုလိုက်လို့ရှိရင် ဇာတိ ဇရာ မရဏတွေချည်း ဝမ်းထဲရောက်လာတယ် (မှန်ပါ့) မရောက်ဘူးလား (ရောက်ပါတယ်) သံသရာဆက်သွားတာချည့်ပဲ ဒကာ ဒကာမတွေ ဆိုးဝါးတဲ့ တရားတွေချည်းပဲ။ ဝမ်းထဲမရောက်လာဘူးလား . . . (ရောက်လာပါတယ်) ကဲ . . . ဒါဖြင့် ကောင်းသေးရဲ့လားဗျာ . . . (မကောင်းပါဘူး)။

အဲဒီတော့ အဲဒါတွေများ သားစိတ်သမီးစိတ်တွေ စိတ်မျိုးတွေများ မျိုမယ်လို့ အိပ်ရာဝင်ရင် နဖူးပေါ် လက်တင် လာမည့် စိတ်ကူးလို့ရှိရင် တုတ်ချောင်းမျိုဟာနော် . . . လေးဘက်သွားဟာနော် . . . လုပ်ပေးပါ ကိုယ့်ဟာကိုယ် . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား) လေးဘက်သွား တုတ်ချောင်း မျိုလို့ရှိရင်ဖြင့် ထွက်သက်ဝင်သက် ပိတ်၍ သေပါလိမ့်မယ် . . . (မှန်ပါ့) မသေဘူးလား . . . (သေပါတယ်)။

## ဒိမဂ်ဉာဏ်ကိုသာမျိုရမယ်

အဲဒီတော့ ကိုယ့်ဟာကိုယ် လိမ်မာပြီးသကာလ အင်း . . . တို့ဆရာဘုန်းကြီးကလည်း မှာတယ် ဘုရားဟောတဲ့ အတိုင်း . . . ဖြစ်ပျက်ရှုရမတဲ့ . . . အဲဒီမဂ်ဉာဏ်ကိုသာ မျိုရ

မတဲ့။ တုတ်ချောင်းတွေ သားစိတ်, သမီးစိတ်, ဆွေစိတ်, မျိုးစိတ် တွေကို မျိုချမနေနဲ့ (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီ) အိမ်ကျ တော့ မျိုကြဦးမှာလား ခင်ဗျားတို့ . . . (မမျိုပါဘူး) ကြိုးကြား ကြိုးကြားများ စိတ်ကူးသေးသလား. . . (စိတ်မကူးပါဘူး)။ ကြိုးကြား ကြိုးကြားကလည်း လာသေးတာပဲ ကြောက်စရာ သိပ်ကောင်းတာ (မှန်ပါ့)။

ဒါဖြင့် ဒကာဒကာမတို့ အခု အရှင်ဆန္ဒမှာ ဖြစ်ပျက်ကို တော့ သူမြင်တယ်။ ဖြစ်ပျက်မြင်ရင် သူလန့်ပြီ . . . (မှန်ပါ့) ပြီးတော့ ဘာအားကိုးရမလဲဆိုတဲ့ စွဲလမ်းလုံးကကော (လာပါတယ်) ကဲ ဖြစ်ပျက်မမြင်လို့လား . . . မြင်လျှက်သားနဲ့ မင်္ဂမရတာလား (မြင်လျက်သားနဲ့ မဂ်မရတာပါ) ဘာလိုနေသတုံး . . . (သဿတဥစ္ဆေဒပြုတ်ဖို့လိုပါတယ်) ခန္ဓာပဋိစ္စသမုပ္ပါဒ် နားမလည်တော့ ဒကာသစ် . . . သဿတ ဥစ္ဆေဒ မကျွာ ဘူး. . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ ဘုရား)။

ခန္ဓာပဋိစ္စသမုပ္ပါဒ် နားမလည်တဲ့အတွက် . . . (သဿ တဥစ္ဆေဒ မကျွာပါဘူး) အဲဒါကြောင့် ဒီကိုယ်တော်တွေ ဟောတဲ့ တရားနဲ့တော့ သူနိဗ္ဗာန်ရဖို့ မမြင်ဘူးတဲ့ (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

ဒီကိုယ်တော်တွေ ဟောတာလား . . ဘုရားဆီက ဒီကိုယ်တော်တွေ ရထားတာလား . . . (ဘုရားဆီက ရထား

တာပါ ဘုရား) ဘုရားဆီက ရထားတာ။ ဒီကိုယ်တော်တွေက ဟောတဲ့ တရားမျိုးကြတော့ သူလည်း ရှုနေတာပဲတဲ့ (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီ) သူကိုယ်တိုင်က အချိုး မကျ ဆိုတာ ပေါ်ပလား . . . (ပေါ်ပါပြီ)။

## ဒိဋ္ဌိခွာပြီးမှ ရှုရမှာ

ကဲ ဒကာဒကာမတွေကော အခုဘာကို ခွာပြီးမှ ရှုရမှာတုံး . . . (ဒိဋ္ဌိခွာပြီးမှ ရှုရမှာပါ) အဲ ဒိဋ္ဌိခွာပြီးမှ ခန္ဓာထဲပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို ရှုပါ . . (မှန်ပါ့) ရှင်းပလား. . . . (ရှင်းပါပြီ)။

အခုတော့ ခင်ဗျားတို့ ဒိဋ္ဌိခွာတာ ခင်ဗျားတို့ဟာ ခင်ဗျားတို့ မခွာပါနဲ့တော့။ ပေါ်လာတဲ့ တရားလေးကို ဘုန်းကြီးက ပဋိစ္စသမုပ္ပါဒ်နဲ့ ရှင်းပေးတော့ ခင်ဗျားတို့ ဝမ်းထဲမှာ ကွာနေပါလိမ့်မယ်။ ဖြစ်ပျက်မြင်အောင်သာ ရှုပါတော့။ ခင်ဗျားတို့ အထူး ခွာနေစရာတောင် လိုမယ်မဟုတ်ပါဘူး. . . (မှန်ပါ့) သဘောပါပလား (ပါပါပြီ)။

## ဖြစ်ပျက်ကိုသာ သဲသဲမဲမဲ ရှုပါ

တရားကလေး အဖြစ်မြင်ကတည်းက ဘာစင်သွားသတုံး . . . (ဥစ္ဆေဒစင်ပါတယ်) အပျက်မြင်ကတည်းက . . . (သဿတစင်ပါတယ်) ဥစ္ဆေဒသဿတစင်သွားကတည်းက

ဩော် ဒါကြောင့်လည်း ဖြစ်တာပဲ၊ ဒါကြောင့်လည်း ပျက်တာပဲ ဆိုတော့ မြဲတယ်ဆိုတဲ့ သဿတရှိစရာ မလိုဘူး။ ပြတ်သွားတယ်ဆိုတဲ့ ဉစ္ဆေဒကော ဝမ်းထဲမှာ ရှိစရာလိုသေးသလား . . . (မလိုပါဘူး) မရှိဘဲနဲ့ဆိုတော့ ဖြစ်ပျက်ကို မဲမဲသဲသဲသာရှု (မှန်ပါ့) ရှုလိုက်လို့ရှိရင် ဖြစ်ပျက်မြင်ရင် ဘယ်မဂ်ရမယ် (ဝိပဿနာမဂ် ပါဘုရား) သူရင့်ကျက်လာရင် ဘယ်မဂ်ရမယ် . . . (လောကုတ္တရာ မဂ်ရပါတယ်)။

## လောကုတ္တရာမဂ်ရမယ်

လောကုတ္တရာမဂ်ရမယ်ဆိုတာ ခန္ဓာပဋိစ္စသမုပ္ပါဒ် မြင်ပြီး ဒိဋ္ဌိခွာရှုတဲ့ ပုဂ္ဂိုလ်မှ ဒါတန်းရမယ် . . . (မှန်ပါ့) ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို နားမလည်တဲ့ ပုဂ္ဂိုလ်မှာ သဿတ ဉစ္ဆေဒ အပင်းခံနေတဲ့အတွက် ဦးခင်မောင် ဘယ်တော့မှ မရနိုင်လို့ ဆုံးဖြတ်ချက်ချ (မှန်ပါ့) ဘယ်ပုဂ္ဂိုလ်ထောက်ကြည့် မဆုံးသေးတော့မှ ရှင်ဆန္ဒ (မှန်ပါ့) မပေါ်သေးဘူးလား (ပေါ်ပါပြီ)။

## ဒိဋ္ဌိခွာပြီးမှ နိဗ္ဗာန်ရမယ်

ရှင်ဆန္ဒဟာ ဖြစ်ပျက်ပြင်လိုက်ရင် သူစိတ်ထဲမှာ လန့်ပြီး တောင်းတပြီး . . . စွဲလမ်းပြီး . . . ဘာဖြစ်နေတာတုံး . . . (သဿတ ဉစ္ဆေဒ မကွာလို့ပါ) ကဲ ဒကာဒကာမတို့ ဖြစ်ပျက်

မမြင်လို့လား . . . မြင်လျက်သားနဲ့လား . . . (မြင်လျက်သားနဲ့ပါဘုရား) ဒါဖြင့် ဖြစ်ပျက်မြင်ရုံနဲ့ နိဗ္ဗာန်မရနိုင်သေးဘူး၊ ဒိဋ္ဌိအရင်ခွာပြီးမှ ရမယ်ဆိုတာ သဘောပေါက်ကြပလား . . . (ပေါက်ပါပြီ) ရှင်းပြီနော် (ရှင်းပါပြီ)။

သို့သော် . . . ရှင်ဆန္ဒရှုပုံ ရှုနည်းကိုတော့ နာရီစေ့ပြီ နက်ဖြန်မှ ပြောတော့မယ်။

ယနေ့တော်ကြပါစို့ . . . ။

သာဓု . . . သာဓု . . . သာဓု။